# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက် | ၂၀၂၃ ခုနှစ်၊ မေ ၁၂ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ်(၂၂၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံလေယာဉ်ကွင်း၊ လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်နိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံလေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်နိုင်မည့် အခြေအနေများနှင့် ကျိုင်းတုံဟော်နန်းပုံစံတူတည်ဆောက်နေမှု အခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

## မိမိတို့နိုင်ငံတွင် အသုံးပြုလျက်ရှိသော လေယာဉ်ကြီးများ ဆင်းသက်နိုင်သည်အထိ အဆင့်မြှင့်တင်ဆောင်ရွက်

**နေပြည်တော် မေ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျိုင်းတုံလေဆိပ် အဆင့်မြှင့်တင်နိုင်မည့် အခြေအနေများနှင့် ကျိုင်းတုံဟော်နန်းပုံစံတူတည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့သို့ရောက်ရှိကြရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင် နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့ ဖတ်စရာ**


**လက်နက်ဥပဒေ ပြဋ္ဌာန်း** — ဥပဒေ — စာ ၆

**အရည်အသွေးရှိ အသက်မွေးဝမ်းကျောင်းပညာရေးဖြင့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးမြူရေး** — ဆောင်းပါး — စာ ၉

**၂၀၂၃ ခုနှစ် ဧပြီလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်** — ထုတ်ပြန်ချက် — စာ ၁၇

မြန်မာ့အလင်း

# ဆောင်သင့်သည်ကို ဆောင်၍ ရှောင်သင့်သည်ကို ရှောင်

ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း မိုခါသည် ဘင်္ဂလားဒေ့ရှ်-မြန်မာကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားနိုင်သည့် အခြေအနေရှိခြင်းကြောင့် လိမ္မော်ရောင်အဆင့် သတ်မှတ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မေလ ၁၁ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီအချိန် ထုတ်ပြန်ချက်တွင် ဖော်ပြထားရာ မုန်တိုင်း၏ပြောင်းလဲမှုဖြစ်စဉ်ကို အထူးသတိပြု စောင့်ကြည့်နေရမည့် အခြေအနေဖြစ်သည်။ ကြိုတင်ခန့်မှန်းချက်အရ ဆိုင်ကလုန်းမုန်တိုင်း မိုခါသည် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်ပြီး မေလ ၁၄ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံ ကောက်ဘဇားမြို့နှင့် မြန်မာနိုင်ငံ ကျောက်ဖြူမြို့အကြား စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းထားရာ မုန်တိုင်းဝင်ရောက်ရာလမ်းကြောင်းတစ်လျှောက် ဒေသများနေပြည်သူများ မုန်တိုင်းကြောင့် ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်များမှ လွတ်မြောက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ကြရမည်ဖြစ်သည်။

မုန်တိုင်းဖြတ်ကျော်ဝင်ရောက်ချိန်တွင် အင်အားကြီးမားပြင်းထန်သည့်လေတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ မုန်တိုင်းဒီရေမြင့်တက်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ တောင်ကျရေကျဆင်းခြင်း၊ မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သည်ကို သတိပြုကာ ဘေးလွတ်ရာသို့ ကြိုတင်တိမ်းရှောင်ကြရမည်ဖြစ်သည်။ မုန်တိုင်းဝင်ရောက်ဖြတ်ကျော်ချိန်တွင် ပြည်သူများအနေဖြင့် မိုး/ဇလမှ ထုတ်ပြန်သည့်သတင်းများကို စဉ်ဆက်မပြတ်နားထောင်၍ အကြံပြုချက်များကို လိုက်နာခြင်း၊ အခြားသူများကို မျှဝေခြင်း၊ ကောလာဟလသတင်းများကို နားမယောင်ခြင်း စသည့်အချက်များကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့အပြင် မုန်တိုင်းဗဟိုဖြတ်သန်းစဉ်တွင် ခေတ္တလေငြိမ်သွားပြီး မကြာမီ ဆန့်ကျင်ဘက်အရပ်မှ ပိုမိုပြင်းထန်သည့်လေများ တိုက်ခတ်လာတတ်သည့် မုန်တိုင်း၏သဘာဝကိုလည်း သိနားလည်သတိပြုကြရမည်ဖြစ်သည်။ မုန်တိုင်းရှောင်ပြည်သူများသည် သက်ဆိုင်ရာအစိုးရဌာနက မုန်တိုင်းအန္တရာယ်ကင်းရှင်းကြောင်း သတင်းထုတ်ပြန်သည်အထိ ဘေးကင်းလုံခြုံသည့်နေရာများတွင် နေထိုင်ကြရန်လိုသည်။ မုန်တိုင်းဖြစ်ပေါ်နေချိန်တွင် တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း၊ ရေထဲသို့ ဖြတ်သန်းခြင်း၊ ရေကူးခြင်း၊ မုန်တိုင်းအနည်းငယ်အားပျော့သွားချိန်တွင် အပြင်ထွက်ခြင်း၊ ကမ်းခြေ၊ မြစ်ကမ်းနား ကမ်းနဖူးသို့ သွားရောက်ခြင်း စသည်တို့ကို ရှောင်ရှားကြရမည်ဖြစ်သည်။

မုန်တိုင်းပြီးချိန်တွင် မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားခြင်း၊ အန္တရာယ်ရှိနိုင်သည့် ဓာတ်ကြိုး၊ ဓာတ်တိုင်၊ သစ်ပင်၊ သစ်ကိုင်းများကို သတိပြုရှောင်ရှားရန်၊ သက်ဆိုင်ရာနှင့်အတူ ကူညီရှင်းလင်းရန်၊ မိမိနေအိမ်သည် ပြန်လည်နေထိုင်နိုင်ရန် ခိုင်ခံ့မှုရှိ မရှိ မြွေကဲ့သို့သော အဆိပ်ရှိသတ္တဝါများ ရှင်း မရှင်း စစ်ဆေးရန်၊ ရေသန့်သို့မဟုတ် ကျိုချက်ထားသောရေ သို့မဟုတ် ရေသန့်ဆေးခတ်ထားသော ရေကိုသာ သောက်သုံးရန်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ရန်အချက်များကို သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရာဒေသများနေပြည်သူများ ဆောင်ရွက်ကြရန် အကြံပြုထားရာ လိုက်နာဆောင်ရွက်ကြခြင်းအားဖြင့် အန္တရာယ်ကင်း၊ ဘေးရှင်းနိုင်ကြမည်ဖြစ်သည်။

မုန်တိုင်းဘေးအန္တရာယ်ကို အရေးပေါ်တုံ့ပြန်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စုအဆင့်၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တို့ ဆက်သွယ်မှုကွန်ရက်ချိတ်ဆက်၍ ၂၄ နာရီဆောင်ရွက်လျက်ရှိရာ ပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် မုန်တိုင်းဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများကို အနည်းဆုံးအဖြစ် လျှော့ချနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဂျပန်နိုင်ငံခြားသတင်းထောက်များအသင်း (Foreign Correspondent Club of Japan-FCCJ)၏ ဥက္ကဋ္ဌဟောင်း Mr. KHALDON AZHARI နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၁၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဂျပန်နိုင်ငံခြား သတင်းထောက်များအသင်း (Foreign Correspondent Club of Japan–FCCJ) ၏ ဥက္ကဋ္ဌဟောင်း Mr. KHALDON AZHARI နှင့် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)



ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေမှု၊ မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာမီဒီယာများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ရင်းရင်းနှီးနှီး အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

**သတင်းစဉ်**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် မေ ၁၁**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Construction and Development Infrastructure Co., Ltd. မှ တင်သွင်းလာသော Volkswagen ID – 4 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၂၉ စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။ **သတင်းစဉ်**



## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ယဉ်မျိုးသူ ကို မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## SIM Card များ စနစ်တကျ မှန်ကန်စွာ မှတ်ပုံတင်သုံးစွဲနိုင်ရေး အသိပေးကြေညာချက်

၁။ ဆင်းကတ်များ မှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database တွင်ရှိသော အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ တိုက်ဆိုင်စစ်ဆေးပြီး အချက်အလက်မမှန်သော နိုင်ငံသားစိစစ်ရေးကတ်များဖြင့် မှတ်ပုံတင်ထားသော ဆင်းကတ်သုံးစွဲသူများထံ ရက်ပေါင်း (၃၀) အတွင်း မှန်ကန်စွာ ပြန်လည်မှတ်ပုံတင်ရန် အသိပေးစာတို(SMS) များ ပေးပို့သွားမည်ဖြစ်ပါသည်။ အသိပေးစာတို(SMS)များ ရရှိပြီး ရက်ပေါင်း (၃၀) အတွင်း နိုင်ငံသားစိစစ်ရေးကတ်အမှန်ဖြင့် ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းမရှိသော ဆင်းကတ်များအား One Way Block (အထွက်ခေါ်ဆိုမှု၊ အထွက်စာတိုပေးပို့မှုနှင့် ဒေတာအသုံးပြုမှု ရပ်ဆိုင်းခြင်း) ဆောင်ရွက်မည်ဖြစ်ပြီး၊ ထိုသို့ One Way Block ဆောင်ရွက်ထားသည့် အချိန်မှစ၍ ရက်ပေါင်း(၉၀) အတွင်း နိုင်ငံသားစိစစ်ရေးကတ် အချက်အလက်အမှန်ဖြင့် လာရောက်ပြင်ဆင် မှတ်ပုံတင်ခြင်းမရှိသော ဆင်းကတ်များအား အပြီးပိတ်သိမ်းသွားမည် ဖြစ်ပါသည်။

၃။ ထို့ကြောင့် ဆင်းကတ်သုံးစွဲသူ ပြည်သူများအနေဖြင့် မိမိတို့အသုံးပြုနေသော ဆင်းကတ်များ ပိတ်သိမ်းခံရမှုမရှိစေရေးအတွက် ပြန်လည်မှတ်ပုံတင်နိုင်ရန် အသိပေးစာတို (SMS) ရရှိပါက သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် နိုင်ငံသားစိစစ်ရေးကတ် အချက်အလက်အမှန်ဖြင့် အမြန်ပြန်လည်မှတ်ပုံတင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## မန္တလေးမြို့၌ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု ဆရာဖြစ်သင်တန်းများ ဖွင့်လှစ်

**မန္တလေး မေ ၁၁**

မန္တလေးတိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ကျင်းပသည့် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု ဆရာဖြစ် ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို မေ ၈ ရက်က မဟာအောင်မြေမြို့နယ် အမှတ် (၁၆) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်သီတာအောင်က အမှာစကား ပြောကြားပြီး မဟာအောင်မြေခရိုင် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းသန့်က အခြေခံ ဗုဒ္ဓဘာသာယဉ်ကျေးမှု ဆရာဖြစ်ဆင့်ပွားသင်တန်း ဖွင့်လှစ်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့တို့က တစ်မြို့နယ်လျှင် ထောက်ပံ့ငွေကျပ် တစ်သိန်းစီ ထောက်ပံ့ပေးအပ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလ ငါးရက်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဥက္ကဋ္ဌနှင့် ကော်မတီဝင်များသည် အောင်မြေသာစံခရိုင် အခြေခံ ဗုဒ္ဓဘာသာ ဆရာဖြစ် ဆင့်ပွားသင်တန်းသို့ တက်ရောက်ကြကြောင်း သိရသည်။ **ဇော်ဘီ**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ရှင်းလင်းတင်ပြစဉ်။

❖ *ရှေ့ဖုံးမှ*

ထို့နောက် လေဆိပ်ရှင်းလင်းဆောင်တွင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ဇော်နိုင်ဦးတို့က ကျိုင်းတုံလေဆိပ် သမိုင်းအကျဉ်းနှင့် လေဆိပ်ဆိုင်ရာများ၊ လေယာဉ်ပြေးလမ်းနှင့် လေဆိပ်အဆင့်မြှင့်တင်နိုင်မည့် အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လျာထားစီမံကိန်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

**တိုက်ရိုက်ပျံသန်းဆင်းသက်နိုင်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ကျိုင်းတုံမြို့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ မြို့တော်ဖြစ်ပြီး လမ်းပန်းဆက်သွယ်မှုဝေးကွာသည့် နေရာတစ်ခုလည်းဖြစ်ကြောင်း၊ ကျိုင်းတုံဒေသသည် သာယာလှပသည့် သဘာဝပတ်ဝန်းကျင် ရေမြေတောတောင်ကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ပြီး ပန်ကွဲကျေးရွာရှိဗုဒ္ဓဥယျာဉ်၊ လွယ်မွေအပန်းဖြေတောင်စခန်းမြို့နှင့် အခြား လည်ပတ်နိုင်သည့် နေရာများစွာရှိကြောင်း၊ ယခုအခါ ပြည်တွင်းခရီးစဉ်များ၌ ဝေးကွာသည့်နေရာများသို့ ဂျက်လေယာဉ်များကို အသုံးပြုလာပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အသုံးပြုလျက်ရှိသော လေယာဉ်ကြီးများ ဆင်းသက်နိုင်သည်အထိ အဆင့်မြှင့်တင် ဆောင်ရွက်ရန်လိုကြောင်း၊ အိမ်နီးနားချင်းနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင်လည်း လာအိုနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံများမှ ကျိုင်းတုံလေဆိပ်သို့ တိုက်ရိုက်ပျံသန်းဆင်းသက်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ကျိုင်းတုံမြို့ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသနှင့်ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် ယခုကဲ့သို့အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

**❒ ကျိုင်းတုံဒေသသည် သာယာလှပသည့် သဘာဝပတ်ဝန်းကျင် ရေမြေတောတောင်ကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ပြီး ပန်ကွဲကျေးရွာရှိဗုဒ္ဓဥယျာဉ်၊ လွယ်မွေအပန်းဖြေတောင်စခန်းမြို့နှင့် အခြားလည်ပတ်နိုင်သည့် နေရာများစွာရှိ**

**❒ အိမ်နီးနားချင်းနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင်လည်း လာအိုနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံများမှ ကျိုင်းတုံလေဆိပ်သို့ တိုက်ရိုက်ပျံသန်းဆင်းသက်နိုင်ရေး ဆောင်ရွက်ရန်လို**

**❒ ကျိုင်းတုံမြို့ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် ယခုကဲ့သို့ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်**

**လိုက်လံကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံလေယာဉ်ကွင်း၊ လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်နိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

**ညှိနှိုင်းဆောင်ရွက်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နောင်တုံကန်အနီးရှိ ဟော်နန်းဥယျာဉ်မြေ၊ ဟော်နန်းမြေနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိသည့်နေရာတွင် ကျိုင်းတုံဟော်နန်းပုံစံတူ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နောင်တုံကန် ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးနှင့် နယ်မြေခံ စစ်မြေပြင်အင်ဂျင်နီယာတပ်မှ တာဝန်ရှိသူတစ်ဦးက နောင်တုံကန် ရေဝင်၊ ရေထွက် အခြေအနေများနှင့် ကန်ရေကို ထိခိုက်မှုမရှိစေဘဲ သဲနုန်းတူးဖော်ရေး လုပ်ငန်းကို နုန်းများကိုအရည်ပျော်စေ၍ စုပ်ထုတ်

*စာမျက်နှာ ၄ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကျိုင်းတုံဟော်နန်းပုံစံတူ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား နောင်တုံကန်ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၃ မှ*

ဆောင်ရွက်မှုအခြေအနေများ၊ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်မှုအခြေအနေများ၊ ရေအောက်မြေမျက်နှာသွင်ပြင်တိုင်းတာခြင်းနှင့် ပုံထုတ်ခြင်းလုပ်ငန်း (Sonic water Level meter) များကို ဆောင်ရွက်ပြီး သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိမှုနှင့် ကန်ရေသန့်ရှင်းမှုရှိစေရေး ခေတ်မီစက်ကိရိယာ၊ ယန္တရားများကို အသုံးပြုဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို တင်ပြသည်။

တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပြီး ကန်ပတ်လမ်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား ဂျပန်နိုင်ငံခြား သတင်းထောက်များအသင်း ဥက္ကဋ္ဌဟောင်း လာရောက်တွေ့ဆုံ



**နေပြည်တော် မေ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား ဂျပန်နိုင်ငံခြားသတင်းထောက်များအသင်း (Foreign Correspondent Club of Japan – FCCJ) ၏ ဥက္ကဋ္ဌဟောင်းဖြစ်သူ Mr. KHALDON AZHARI သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံရာ တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မီဒီယာကဏ္ဍဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး၊ The Global New Light of Myanmar သတင်းစာကို အသွင်သဏ္ဌာန်ပြောင်းလဲ၍ အဆင့်မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သွားရောက်လေ့လာ**

မွန်းလွဲပိုင်းတွင် ဂျပန်နိုင်ငံခြားသတင်းထောက်များအသင်း၏ဥက္ကဋ္ဌဟောင်းသည် ကျောက်မျက်ရတနာပြတိုက်နှင့် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်လေ့လာ ကြည်ညိုခဲ့ကြသည်။ **သတင်းစဉ်**

# ၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၁၁**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်း လူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၃ ဦး၊ ကျွန်းစုမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၁၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀ တို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူ နည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်များရှိ တပ်မတော်(ရေ) ရေကြောင်းလူငယ် သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ)က မိတ္ထီလာမြို့ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်နှင့် မြေပြင်အတတ်သင် လေတပ်စခန်းဌာနချုပ်တို့၌ သင်တန်း စခန်း ၁၇ ခုတို့တွင် စခန်းသွင်းလေ့ကျင့်သင်ကြားပေးလျက်ရှိပြီး အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၈၀ တို့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်ရှိ Myanmar Air Force Aeromedical Centre ကို လေ့လာခြင်း၊ မြေပြင်အတတ်သင်လေတပ်စခန်း ဌာနချုပ်တွင် RC လေယာဉ်/ရဟတ်ယာဉ်/Drone လက်တွေ့မောင်းနှင်ခြင်း၊ RC Simulator မောင်းနှင်ခြင်းနှင့် အခြေခံစစ်ရေးပြလေ့ကျင့်ခြင်းများကို ဆောင်ရွက်ကြသည်။



မွန်းလွဲပိုင်းတွင် လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၌ အကြီးတန်းအဆင့် သင်တန်းစခန်းနှစ်ခုမှ ပထမ၊ ဒုတိယနှင့် တတိယ ရရှိသူ သင်တန်းသား ခြောက်ဦး၊ အငယ်တန်းအဆင့် သင်တန်းစခန်း ၁၅ ခုမှ ပထမ၊ ဒုတိယဆုရရှိသူ သင်တန်းသား ၃၀ စုစုပေါင်း ၃၆ ဦးတို့ကို Grob –120 TP၊ Y–12 IV လေယာဉ်များနှင့် H–120 ရဟတ်ယာဉ် လိုက်ပါပျံသန်းခြင်းကို လေယာဉ်မောင်းသင်ကျောင်းမှ နည်းပြများနှင့်အတူ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံလေကြောင်း လူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း (အငယ်တန်းအဆင့်) သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရွှေဘို အထက(၁)၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းဖွင့်မည်

**ရွှေဘို မေ ၁၁**

၂၀၂၂ – ၂၀၂၃ ပညာသင်နှစ်တွင် KG +9 အောင်မြင်ထားသော ကျောင်းသား ကျောင်းသူများ သက်မွေးပညာရပ်တစ်ခုဖြစ်သည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ဆက်လက်တက်ရောက်ပညာသင်ယူနိုင်ရန်အတွက် ၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် ရွှေဘိုအထက(၁)၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ ကျောင်းဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးနှင့် တာဝန်ရှိသူများက မေ ၉ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကျောင်း၌ ကျောင်းသား ကျောင်းသူများအား ဇွန် ၁ ရက် မှစတင်ကာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း၊ ကျောင်းဝင်ခွင့်လျှောက်လွှာများကို မေ ၅ ရက်မှ ၁၈ ရက်အထိ လျှောက်လွှာတင်သွင်းနိုင်ရန် ကြေညာထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC) လုပ်ငန်းဆောင်ရွက်မှုရှင်းလင်းတင်ပြခြင်း အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၁**

သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre-DMC) လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားသည့် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၌ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယ ဥက္ကဋ္ဌ(၁)၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးစိုးထွန်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယ ဥက္ကဋ္ဌ(၂)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လုပ်ငန်းကော်မတီများမှ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စီမံဆောင်ရွက်**

ရှေးဦးစွာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယ ဥက္ကဋ္ဌ(၁)၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးစိုးထွန်းက ဆိုင်ကလုန်းမုန်တိုင်းမိုခါ(MOCHA)နှင့် စပ်လျဉ်း၍ မိုးလေဝသခန့်မှန်းချက်များအရ မုန်တိုင်းလမ်းကြောင်း၊ မုန်တိုင်းဝင်ရောက်နိုင်သည့်ဒေသအား အနီးစပ်ဆုံးသိရှိရပြီး ဖြစ်ပါသဖြင့် အရေးပေါ်အချိန်နှင့် အရေးကြီးအချိန် လုပ်ငန်းများကို တွဲဖက်ဆောင်ရွက်ရမည့် အခြေအနေဖြစ်ကြောင်း၊ DMC အနေဖြင့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်မှ မုန်တိုင်းလမ်းကြောင်း ကျရောက်နိုင်သည့် မြို့နယ်များတွင် လိုအပ်သည်များ အသင့်ပြင်ဆင်ထားရှိမှု၊ ရွှေ့ပြောင်းပြီးစီးမှု အချက်အလက်တို့အား အချိန်နှင့်တစ်ပြေးညီ ပြည့်ပြည့်စုံစုံ ပြုစုထားရှိရန်လိုကြောင်း၊ ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မြန်ဆန်စွာဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယ ဥက္ကဋ္ဌ(၂)၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အရေးပေါ်



တုံ့ပြန်ရေး ကြိုတင်ပြင်ဆင်ထားရှိမှု၊ အရန်ဆန်တန်ချိန် (၁)သောင်း ဝယ်ယူဖြန့်ခွဲမည့် အခြေအနေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပူးပေါင်း ချိတ်ဆက်ဆောင်ရွက်မည့် အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA)၏ လက်ရှိအခြေအနေ၊ မုန်တိုင်း ဦးတည်ရာလမ်းကြောင်း၊ မုန်တိုင်း ပြင်းအားနှင့် မုန်တိုင်းဖြတ်သန်းဝင်ရောက်မည့် အခြေအနေ၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့ရှိ မုန်တိုင်းဖြတ်သန်းဝင်ရောက်နိုင်သည့် မြို့နယ်များတွင် လုံခြုံရေးပိုင်းဆိုင်ရာ အသင့်ပြင်ဆင်ထားရှိမှု၊ အရေးပေါ်ဆက်သွယ်ရေးအတွက် ပြင်ဆင်ထားရှိမှု၊ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအတွက် လူအင်အား၊ ယာဉ်အင်အား၊ စက်ပစ္စည်းကိရိယာအင်အားများ စုဖွဲ့ထားရှိမှု၊ Cyclone Shelter နှင့် ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့ပြီးစီးမှုနှင့် ဆက်လက်ပြောင်းရွှေ့ရန် စီစဉ်ထားရှိမှု၊ ဆက်သွယ်မှုကောင်းမွန်စေရေး ဆက်သွယ်ရေးစက်နှင့် Satellite Phone များ တပ်ဆင်ထားရှိမှု၊ နိုင်ငံတကာနှင့် ဆက်သွယ် ဆောင်ရွက်ထားရှိမှု၊ ရခိုင်ပြည်နယ်သို့ ရွှေ့လျားရေသန့်စင်စက်ပေးပို့ပြီးစီးမှု၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ စေလွှတ်ပြီးစီးမှုနှင့် ဆက်လက်စေလွှတ်ရန် စီစဉ်ထားရှိမှု၊ လူနာတင်ယာဉ်နှင့် ဆေးရုံများ အသင့်ပြင်ဆင်ထားရှိမှု၊ ဆေးဝါးများနှင့် ရေသန့်ဆေးပြားများ ပို့ဆောင်ထားရှိမှု၊ ဘေလီတံတားနှင့် လူအင်အားစုဖွဲ့ထားရှိမှု၊ ကယ်ဆယ်ရေးပစ္စည်းများ၊ မိုးကာတဲများ၊ တာပေါ်လင်စများ အသင့်ပြင်ဆင်ထားရှိမှု စသည်ဖြင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများအတွက် ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် DMC အဖွဲ့ဝင် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားလှယ်က မုန်တိုင်းဒီရေမြင့်တက်လာပါက ဖြစ်ပေါ်လာနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ ဒုတိယ ဥက္ကဋ္ဌ(၁)၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂)၊ ပြည်ထောင်စုဝန်ကြီးတို့က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်ခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွှဲပြောင်းတာဝန်ထမ်းဆောင်လျက်ရှိပြီး နိုင်ငံတော်ကို စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရန် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၁၂) ရပ်တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်နေချိန်တွင် ပြည်သူလူထုအား နိုင်ငံရေးဝါဒမှိုင်းတိုက်ပြီး နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေး ဦးတည်ဆောင်ရွက်လိုသူများက ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ(NUG)နှင့် NUG ၏ လက်ဝေခံဖြစ်သည့် ပြည်သူ့ကာကွယ်ရေးအဖွဲ့(PDF) အမည်ခံအကြမ်းဖက်အဖွဲ့အစည်းများကို ဥပဒေမဲ့ တရားမဝင်ဖွဲ့စည်း၍ လက်နက်ကိုင်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသဖြင့် နိုင်ငံတော်က အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ အကြမ်းဖက်အဖွဲ့များအဖြစ် ကြေညာခဲ့ပါသည်။

၂။ အဆိုပါ အကြမ်းဖက်အဖွဲ့အစည်းများက အပြစ်မဲ့ပြည်သူများကို အကြောက်တရားဖြင့် ဝါဒမှိုင်းတိုက်၍ ဆွဲဆောင်စည်းရုံးကာ အကြမ်းဖက်အဖွဲ့အစည်းများသို့ ဝင်ရောက်စေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှိရာဒေသများသို့ စေလွှတ်၍ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ တက်ရောက်စေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်စေခြင်းတို့ကို လုပ်ဆောင်စေခဲ့ပြီး လက်နက်ကိုင်အကြမ်းဖက် တိုက်ခိုက်သတ်ဖြတ်မှုများကို လုပ်ဆောင်စေခဲ့ပါသည်။ ၎င်းတို့၏အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သံဃာတော်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူအမြောက်အမြား အသက်ဆုံးရှုံးခဲ့ကြရပါသည်။ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ ဖြစ်ပေါ်စေခဲ့ပါသည်။

၃။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည့်အတွက် ပြည်သူများ၏စုပေါင်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသောဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်နိုင်မှသာ လိုရာပန်းတိုင်ကို အချိန်တိုအတွင်း ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသူများ၏ ဝါဒမှိုင်းအောက်မှရုန်းထွက်ကာ နိုင်ငံတော်တည်ဆောက်ရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်ကြရမည့်အချိန်အခါဖြစ်သည့်အတွက် အကြောင်းအမျိုးမျိုးကြောင့် PDF အပါအဝင် အကြမ်းဖက်အဖွဲ့များအတွင်း ရောက်ရှိနေသူများ၊ ဥပဒေပြင်ပရှိ အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်ရန်အတွက် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်အပ်ပါသည်။ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် လူသတ်မှု၊ မုဒိမ်းမှု၊ သူတစ်ပါးအပေါ် ထိခိုက်နစ်နာစေမှု စသည့်ပြစ်မှုတစ်ခုခု ကျူးလွန်ထားသူဖြစ်ပါက ဥပဒေအရ တရားရုံးတွင် အမှုရင်ဆိုင်ဖြေရှင်းရမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ပြစ်မှုအတိုင်းအတာအပေါ်မူတည်၍ ဥပဒေကြောင်းအရ လိုအပ်သည့်ဖြေလျှော့မှုများကို ပြုလုပ်ပေးသွားမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာပါက လိုအပ်သည့်ကူညီပံ့ပိုးမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လက်နက်/ခဲယမ်းပါရှိလာသူများကို အောက်ပါအတိုင်း ဆုကြေးငွေ ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည် –

- (က) ရိုင်ဖယ်အုပ်စုဝင်သေနတ် (၁) လက်ပါရှိပါက ကျပ် (၅၀) သိန်း၊
- (ခ) ပစ္စတိုအုပ်စုဝင်သေနတ်(၁)လက်ပါရှိပါက ကျပ် (၂၀) သိန်း၊
- (ဂ) ပြောင်းချောသေနတ်(၁)လက်ပါရှိပါက ကျပ် (၃၀) သိန်း၊
- (ဃ) စိန်ပြောင်း၊ လောင်ချာ၊ အာပီဂျီကဲ့သို့သော လက်နက်များ(၁)လက်ပါရှိပါက ကျပ် (၇၅)သိန်း၊
- (င) လက်လုပ်ပြောင်းချောသေနတ်၊ လက်လုပ်စိန်ပြောင်း၊ လက်လုပ်သေနတ် (၁)လက်ပါရှိပါက ကျပ်(၅)သိန်း၊
- (စ) လက်လုပ်မိုင်းများ၊ လက်ပစ်ဗုံးများပါရှိပါက ကျပ် (၃) သိန်း၊
- (ဆ) လက်နက်/ခဲယမ်းမှအပ အခြားအသုံးအဆောင်ပစ္စည်းများ (ဥပမာ– စကားပြောစက်) ပါရှိပါက ကျပ် (၂) သိန်း။
- (ဇ) ဗုံးဖောက်ခွဲရေးအတွက် အသုံးပြုနိုင်သော Drone (၁) စင်းပါရှိပါက ကျပ် (၅၀) သိန်း။

၅။ သို့ဖြစ်ပါ၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်းပို့၍ ဝင်ရောက်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# လက်နက်ဥပဒေပြဋ္ဌာန်း

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## လက်နက်ဥပဒေ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၉ /၂၀၂၃**

**၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်**

**( ၂၀၂၃ ခုနှစ်၊ မေလ ၁၁ ရက် )**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **လက်နက်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

( ခ ) **လက်နက် ဆိုသည်မှာ ဓားများ၊ သေနတ်များ၊ ခဲယမ်းများ၊ ပေါက်ကွဲယမ်းများ၊ အမြောက်များ၊ ပစ်ခတ်ရန်၊ ထိုးသွင်းရန်၊ ခုတ်ဖြတ်ရန် သော်လည်းကောင်း၊ ရန်မူသော လက်နက်အဖြစ် သော်လည်းကောင်း သုံးစွဲလျှင် ဘေးအန္တရာယ်ဖြစ်စေနိုင်သည့်၊ ထိခိုက်နာကျင်စေနိုင်သည့် သို့မဟုတ် သေစေနိုင်သည့် အရာဝတ္ထုပစ္စည်းများ၊ ဇီဝလက်နက်၊ ဓာတုလက်နက်နှင့် နျူကလီးယား လက်နက်များနှင့် ဝန်ကြီးဌာနက အခါအားလျော်စွာ လက်နက်ဖြစ်သည်ဟု သတ်မှတ်ထုတ်ပြန်ကြေညာသည့် ကိရိယာ သို့မဟုတ် အရာဝတ္ထုပစ္စည်း တို့ကိုဆိုသည်။**

( ဂ ) **ဓား** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

( ၁ ) ဓားသွား သုံးလက်မထက်ပိုသော မောင်းချဓား (Clasp-knives)၊

( ၂ ) ဓားရိုးပါ ငါးလက်မထက်ပိုသော ဓား၊

**မှတ်ချက်**။ အိမ်သုံး၊ လယ်ယာသုံး၊ စက်မှုလက်မှု လုပ်ငန်းသုံး သို့မဟုတ် အခြား လုပ်ငန်းသုံးအဖြစ် အသုံးပြုရန် ရည်ရွယ်သည့် ဓားများအား ဘေးအန္တရာယ်ပြုရန် လက်နက်အဖြစ် အသုံးပြုရန် ရည်ရွယ်၍ ကိုင်ဆောင်သွားလာပါက ယင်းဓားများသည်လည်း လက်နက်ဟူသောအဓိပ္ပာယ်တွင် အကျုံးဝင်သည်။

(ဃ) **ပစ်ခတ်ရန်၊ ထိုးသွင်းရန်၊ ခုတ်ဖြတ်ရန်သော်လည်းကောင်း၊ ရန်မူသော လက်နက်အဖြစ် သော်လည်းကောင်း သုံးစွဲလျှင် ဘေးအန္တရာယ်ဖြစ်စေနိုင်သည့်၊ ထိခိုက်နာကျင်စေနိုင်သည့် သို့မဟုတ် သေစေနိုင်သည့် အရာဝတ္ထုပစ္စည်း** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

( ၁ ) ဓာတ်ခဲ (Battery) သို့မဟုတ် လျှပ်စစ်ဓာတ်အားဖြင့် လျှပ်စစ်စီးစေပြီး ခန္ဓာကိုယ် လှုပ်ရှားမှုကို ရုတ်တရက်ရပ်တန့်စေသည့် ကျင်စက်ကဲ့သို့သော ကိရိယာ သို့မဟုတ် ယင်းကဲ့သို့ အမျိုးအစားတူသော ကိရိယာ၊

( ၂ ) ဓာတ်ငွေ့တွန်းကန်အား၊ လေ၏ တွန်းကန်အား၊ ဓာတ်ခဲ (Battery) သို့မဟုတ် လျှပ်စစ်ဓာတ်အားကို အသုံးပြု၍ သေနတ်ကဲ့သို့သော ပစ်ခတ်သည့် ကိရိယာ သို့မဟုတ် အရာဝတ္ထုပစ္စည်း၊

( ၃ ) သံ သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့် ပြုလုပ်ထားသည့် သံချွန်၊ သုံးမြှောင့်ချွန်၊ မိန်း၊ လှံ၊ လှံစွပ် သို့မဟုတ် လှံကဲ့သို့ ချွန်ထက်သည့်အရာ၊

( ၄ ) ဒူးလေး၊ လေးမြားနှင့် ချွန်ထက်သည့် အရာဝတ္ထုများဖြင့် ပစ်ခတ်နိုင်သော ကိရိယာ၊

( င ) **သေနတ် ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည်-**

( ၁ ) ပစ္စတိုအုပ်စုဝင်သေနတ်များ၊

( ၂ ) ရိုင်ဖယ်အုပ်စုဝင်သေနတ်များ၊

( ၃ ) စက်သေနတ်ကလေးအုပ်စုဝင်သေနတ်များ၊

( ၄ ) စက်ကလေးအုပ်စုဝင်သေနတ်များ၊

( ၅ ) ပြောင်းချောသေနတ်များ၊

( ၆ ) ဗုံးပစ် သေနတ်များ၊

( ၇ ) လေယာဉ်ပစ် စက်သေနတ်ကြီး အုပ်စုဝင် သေနတ်များ၊

( ၈ ) လောင်ချာများနှင့် ယင်းတို့၏ အစိတ်အပိုင်းများ၊

( ၉ ) သေနတ်အစိတ်အပိုင်းများနှင့် သေနတ် ထုတ်လုပ်သော စက်ကိရိယာ သို့မဟုတ် အရာဝတ္ထုပစ္စည်းများ။

( စ ) **ခဲယမ်း ဆိုသည်မှာ** ယမ်းပြင်း၊ တွန်းကန်ယမ်း၊ ဓာတုဗေဒပစ္စည်း၊ သတ္တုပစ္စည်းများဖြင့် ပေါင်းစပ်ပြီး လူကို သေစေရန်၊ ဒဏ်ရာရစေရန် သို့မဟုတ် အရာဝတ္ထုနှင့် အဆောက်အအုံများ ဖျက်ဆီးရန်ရည်ရွယ်၍ ထုတ်လုပ်ထားသော စစ်မက်ဆိုင်ရာပစ္စည်း၊ လက်နက်ငယ်ကျည်အမျိုးမျိုး၊ အမြောက်ဆံ၊ ဗုံးသီး၊ ပစ်ဗုံး၊ မီးကျည်၊ မီးခိုးဗုံး၊ မိုင်း၊ တာတိုပစ် ဒုံးကျည်၊ တာဝေးပစ်ဒုံးကျည်၊ တာလတ်ပစ်ဒုံးကျည်၊ ပွဲထိန်းဒုံး၊ မီးလောင်ဗုံး၊ ယင်းတို့တွင် တပ်ဆင်ထားသော စနက်တံနှင့်ဆက်စပ်သည့် ပစ္စည်းများကို ဆိုသည်။

(ဆ) **ပေါက်ကွဲယမ်း ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည်-**

( ၁ ) စစ်ဘက်သုံးပေါက်ကွဲယမ်းနှင့် ဆက်စပ်ပစ္စည်း၊

( ၂ ) နယ်ဘက်သုံးပေါက်ကွဲယမ်းနှင့် ဆက်စပ်ပစ္စည်း၊

( ၃ ) ဖောက်ခွဲဖျက်ဆီးသည့် ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၊

( ၄ ) ဒေသန္တရ လက်လုပ်မိုင်း။

( ဇ ) **အမြောက် ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည်-**

( ၁ ) အမြောက်နှင့် စက်အမြောက်တို့တွင် အကျုံးဝင်သော ပစ္စည်းအမျိုးအစား အားလုံး၊

( ၂ ) စိန်ပြောင်းများ၊

( ၃ ) အမြောက်ကို သယ်ယူသော ယာဉ်၊ ပစ်စင်၊ တပ်ဆင်ရန် ကိရိယာတန်ဆာပလာနှင့် ယင်းတို့၏ အစိတ်အပိုင်းများ။

( ဈ ) **နိုင်ငံတော်ပိုင်လက်နက်** ဆိုရာတွင် နိုင်ငံတော်ပိုင် လက်နက်စာရင်းဝင် လက်နက်များ၊ နိုင်ငံတော်ပိုင် လက်နက်စက်ရုံများမှ ထုတ်လုပ်သည့်လက်နက်၊ နိုင်ငံတော် ဘဏ္ဍာရန်ပုံငွေဖြင့် ဝယ်ယူသည့်လက်နက်၊ နိုင်ငံတော်ကာကွယ်ရေး အလို့ငှာ စီမံဆောင်ရွက်နေသည့် လက်နက်နှင့်ဥပဒေအရ နိုင်ငံတော်ပိုင်အဖြစ် သိမ်းဆည်းမိန့် ချမှတ်ထားသည့် လက်နက်တို့ ပါဝင်သည်။

(ည) **လိုင်စင်**ဆိုသည်မှာ နယ်ဘက်သေနတ်နှင့် ခဲယမ်းများကို ကိုင်ဆောင်ခွင့်အတွက် ဤဥပဒေအရ ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

( ဋ ) **ခွင့်ပြုမိန့်** ဆိုသည်မှာ နိုင်ငံတော်ပိုင် လက်နက်များ သယ်ယူခွင့် သို့မဟုတ် ကိုင်ဆောင်ခွင့်အတွက်ဖြစ်စေ၊ ပြည်တွင်းပြည်ပ အားကစားပြိုင်ပွဲများတွင် အသုံးပြုမည့် လက်နက်များ သယ်ယူခွင့် သို့မဟုတ် ကိုင်ဆောင်ခွင့်အတွက်ဖြစ်စေ၊ သံရုံး၊ သံတမန်လုံခြုံရေး၊ ပြည်တွင်းပြည်ပ နိုင်ငံတော်အကြီးအကဲများ၏ လုံခြုံရေးတို့အတွက် အသုံးပြုမည့် လက်နက်များနှင့်စပ်လျဉ်း၍ သယ်ယူခွင့် သို့မဟုတ် ကိုင်ဆောင်ခွင့်အတွက်ဖြစ်စေ၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ထုံးတမ်းအရ သို့မဟုတ် အစဉ်အလာအရ လက်နက်ကိုင်ဆောင်ခွင့်အတွက်ဖြစ်စေ၊ လက်နက်ကို ပြည်ပမှ ဝယ်ယူခွင့်၊ တင်သွင်းခွင့်၊ သယ်ယူခွင့် သို့မဟုတ် ကိုင်ဆောင်ခွင့် အတွက်ဖြစ်စေ၊ ပြည်ပသို့ ရောင်းချခွင့်၊ တင်ပို့ခွင့်၊ သယ်ယူခွင့် သို့မဟုတ် ကိုင်ဆောင်ခွင့်အတွက်ဖြစ်စေ ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

( ဌ ) **အများပြည်သူနှင့် ဆိုင်သောနေရာ** ဆိုသည်မှာ မည်သူမဆို ဝင် ထွက်သွားလာနိုင်သော နေရာကို ဆိုသည်။

( ဍ ) **ကြီးကြပ်မှုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသည့် နယ်ဘက်လက်နက် ကိုင်ဆောင်မှုဆိုင်ရာ ကြီးကြပ်မှုကော်မတီကို ဆိုသည်။

( ဎ ) **ဒေသဆိုင်ရာ စိစစ်ခွင့်ပြုရေးအဖွဲ့** ဆိုသည်မှာ ကြီးကြပ်မှုကော်မတီက ဖွဲ့စည်းပေးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတွင်ဖြစ်စေ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်စိစစ်ခွင့်ပြုရေးအဖွဲ့ကို ဆိုသည်။

(ဏ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ပြည်ထဲရေး ဝန်ကြီးဌာနကို ဆိုသည်။

(တ) **နေပြည်တော်ရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး** ဆိုသည်မှာ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များကို ကြီးကြပ်အုပ်ချုပ်ရသော အရာရှိကိုဆိုသည်။

(ထ) **အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို ဆိုသည်။

### အခန်း (၂)
### ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်စေနိုင်သော လက်နက်ကိုင်ဆောင်ခြင်းနှင့် လက်နက်ကိုင်ဆောင်ကျူးလွန်သည့် ပြစ်မှုများကို တားဆီးကာကွယ်ရန်၊

( ခ ) လက်နက်သယ်ယူခွင့်၊ လက်နက်ကိုင်ဆောင်ခွင့်၊ တရားဝင် လက်ဝယ်ထားရှိခွင့်တို့နှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ ထိန်းချုပ်ကြပ်မတ်နိုင်ရန်၊

( ဂ ) တရားမဝင် လက်နက်ကိုင်ဆောင်ခြင်းကို တားဆီးကာကွယ်ရန်၊

(ဃ) လက်နက်များ တရားမဝင်နည်းလမ်းများဖြင့် ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ လွှဲပြောင်းခြင်း၊ ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းတို့ကို တားဆီးကာကွယ်ရန်၊

( င ) နိုင်ငံတော်ပိုင် လက်နက်နှင့်ဥပဒေအရ ကိုင်ဆောင်ခွင့်ရှိသူပိုင် သေနတ်နှင့် ခဲယမ်းများကို ခိုးယူခြင်း၊ ရောင်းချခြင်း၊ ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်းနှင့် ကိုင်ဆောင်ခွင့်မရှိသူအား ပေးအပ်ခြင်းတို့ကို တားဆီးကာကွယ်ရန်။

### အခန်း (၃)
### နယ်ဘက်လက်နက်ကိုင်ဆောင်မှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) နယ်ဘက်လက်နက်ကိုင်ဆောင်မှုဆိုင်ရာ ကြီးကြပ်မှုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| ( ၁ ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ၂ ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၃ ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၄ ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၅ ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၆ ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၇ ) | ဒုတိယဝန်ကြီးနှင့်<br>ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၈ ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်း<br>ရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၉ ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်<br>အကျဉ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန၊<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

(၁၃) ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၄) စစ်ဦးစီးဗိုလ်မှူးကြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) — အဖွဲ့ဝင်

(၁၅) ရဲချုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ — အတွင်းရေးမှူး

(၁၆) ရဲဦးစီးအရာရှိချုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ — တွဲဖက်အတွင်းရေးမှူး

**( ခ ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ကြီးကြပ်မှုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်း နိုင်သည်။**

၅။ ကြီးကြပ်မှုကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နယ်ဘက် လက်နက်ကိုင်ဆောင်မှုဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း၊

( ခ ) သံရုံးနှင့် သံတမန်များ၊ ပြည်ပနိုင်ငံများမှ လာရောက်သော နိုင်ငံတော်အဆင့် အကြီးအကဲ၏ လုံခြုံရေးအတွက် သေနတ်နှင့်ခဲယမ်းသယ်ယူခွင့်၊ ကိုင်ဆောင်ခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

( ဂ ) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် စိစစ်ခွင့်ပြုခြင်းနှင့် စပ်လျဉ်းသည့် မူဝါဒများချမှတ်ခြင်း၊

(ဃ) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန် သဘောတူညီချက်ပေးခြင်း၊

( င ) လိုင်စင်ဖြင့် ကိုင်ဆောင်ခွင့်ပြုသည့် သေနတ်နှင့်ခဲယမ်း အမျိုးအစားများ သတ်မှတ်ပေးခြင်း၊

( စ ) နိုင်ငံတော်ပိုင်လက်နက်နှင့် မသက်ဆိုင်သော သေနတ်နှင့် ခဲယမ်းများကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သယ်ဆောင်ခြင်းနှင့် စပ်လျဉ်း၍ မူဝါဒများ ချမှတ်ခြင်း၊

(ဆ) လိုအပ်သော လုပ်ငန်းကော်မတီနှင့်အဖွဲ့များကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း။

## အခန်း (၄)
## လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် ထုတ်ပေးခြင်း

၆။ ကြီးကြပ်မှုကော်မတီသည် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ အောက်ပါအဖွဲ့များကိုဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်–

(က) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် စိစစ်ခွင့်ပြုရေးဗဟိုအဖွဲ့၊

( ခ ) ဒေသဆိုင်ရာ စိစစ်ခွင့်ပြုရေးအဖွဲ့၊

( ဂ ) အခြားလိုအပ်သည့် လုပ်ငန်းအဖွဲ့များ။

၇။ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် စိစစ်ခွင့်ပြုရေးဗဟိုအဖွဲ့သည် ကြီးကြပ်မှုကော်မတီ၏ သဘောတူညီချက်နှင့်အညီ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်နိုင်သည်–

(က) နိုင်ငံတော်အတွင်း လက်နက်သယ်ယူခွင့် သို့မဟုတ် လက်နက်ကိုင်ဆောင်ခွင့်ရရှိရန် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ အဆင့်ဆင့် စိစစ်ထောက်ခံတင်ပြချက်များကို စိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

( ခ ) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် သက်တမ်းသတ်မှတ်ခြင်းနှင့် သက်တမ်းတိုးလျှောက်ထားခြင်းကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

( ဂ ) လက်နက်ကို ပြည်ပမှဝယ်ယူခွင့်၊ တင်သွင်းခွင့်၊ သယ်ယူခွင့် သို့မဟုတ် ကိုင်ဆောင်ခွင့်အတွက်ဖြစ်စေ၊ ပြည်ပသို့ ရောင်းချခွင့်၊ တင်ပို့ခွင့်၊ သယ်ယူခွင့် သို့မဟုတ် ကိုင်ဆောင်ခွင့်အတွက်ဖြစ်စေ သက်ဆိုင်ရာဌာနများ၏ လျှောက်ထားချက်များကို ကာကွယ်ရေး ဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး စိစစ်၍ ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း။

၈။ ဒေသဆိုင်ရာ စိစစ်ခွင့်ပြုရေးအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာဒေသများ၌ နေထိုင်သော တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ ထုံးတမ်းအရ လည်းကောင်း၊ အစဉ်အလာအရလည်းကောင်း ကိုင်ဆောင်သည့်လက်နက်များကို သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်း ကိုင်ဆောင်ခွင့် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ အဆင့်ဆင့်စိစစ်ထောက်ခံတင်ပြချက်များကို စည်းကမ်းသတ်မှတ်၍ ခွင့်ပြုမိန့်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၉။ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်လျှောက်ထားသူသည် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ လျှောက်ထားရမည်။

၁၀။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ သဘောထားမှတ်ချက်နှင့်အတူ ကြီးကြပ်မှုကော်မတီသို့ အဆင့်ဆင့်တင်ပြရမည်။

၁၁။ ပုဒ်မ ၇၊ ပုဒ်မခွဲ (က) အရ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်စိစစ်ခွင့်ပြုရေး ဗဟိုအဖွဲ့ကဖြစ်စေ၊ ပုဒ်မ ၈ အရ ဒေသဆိုင်ရာစိစစ်ခွင့်ပြုရေးအဖွဲ့ကဖြစ်စေ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ဖြင့် လက်ဝယ်ထားရှိခွင့်၊ သယ်ယူခွင့် သို့မဟုတ် ကိုင်ဆောင်ခွင့်ပြုကြောင်း သက်ဆိုင်ရာ ရဲတပ်ဖွဲ့သို့ အကြောင်းကြားလာပါက သက်ဆိုင်ရာ နေပြည်တော် ရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူးသည်–

(က) သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အတူ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို လက်မှတ်ရေးထိုး ထုတ်ပေးရမည်။

( ခ ) ပုဒ်မခွဲ (က) အရ ထုတ်ပေးပြီးလျှင် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူ ကိုင်ဆောင်ခွင့် ရရှိသည့် နယ်ဘက်သေနတ်၊ ခဲယမ်းနှင့်စပ်လျဉ်းသည့် အချက်အလက်များကို သက်ဆိုင်ရာ ရဲစခန်း၊ မြို့နယ်၊ ခရိုင်၊ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများတွင် မှတ်ပုံတင်စာရင်း ရေးသွင်းစေရမည်။

( ဂ ) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ကိုင်ဆောင်ရေးအတွက် စစ်ဆေးကြပ်မတ်ရန် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ် ရဲတပ်ဖွဲ့မှူးတို့အား ညွှန်ကြားရမည်။

(ဃ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ပြီးစီးမှုကို ကြီးကြပ်မှုကော်မတီသို့ အဆင့်ဆင့်ပြန်လည်တင်ပြရမည်။

## အခန်း (၅)
## ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်း

၁၂။ (က) အများပြည်သူနှင့် ဆိုင်သောနေရာတွင် ဥပဒေနှင့်ဆန့်ကျင်၍ လက်နက်ကိုင်ဆောင် သွားလာသည်ကို တွေ့ရှိလျှင် သော်လည်းကောင်း၊ တစ်နည်းနည်းဖြင့် လက်ဝယ်ထားရှိခြင်း သို့မဟုတ် သယ်ယူခြင်းကို တွေ့ရှိလျှင်သော်လည်းကောင်း ထိုသူကို ဖမ်းဆီးခြင်း၊ လက်နက်၊ လက်နက်နှင့် သက်ဆိုင်သည့်ပစ္စည်းများ သိမ်းဆည်းခြင်းတို့ကို မည်သူမဆို ဆောင်ရွက်နိုင်သည်။

( ခ ) ပုဒ်မခွဲ(က)အရ ဆောင်ရွက်သူသည်ရဲတပ်ဖွဲ့ဝင် မဟုတ်ပါက ဖမ်းဆီးရမိသူနှင့် လက်နက်၊ လက်နက်နှင့် သက်ဆိုင်သည့် ပစ္စည်းများကို ရဲတပ်ဖွဲ့ဝင် တစ်ဦးဦးထံသို့ဖြစ်စေ၊ အနီးဆုံး ရဲစခန်း သို့မဟုတ် တပ်စခန်းသို့ဖြစ်စေ အမြန်ဆုံးအပ်နှံရမည်။

၁၃။ အများပြည်သူနှင့်ဆိုင်သော နေရာမှအပ အခြားမည်သည့် နေရာတွင်မဆို လက်နက်ကို လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်မရှိဘဲ သယ်ယူကြောင်း၊ လက်ဝယ်ထားကြောင်း သို့မဟုတ် ကိုင်ဆောင်ကြောင်း သတင်းရရှိပါက–

(က) မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ရဲစခန်းမှူးသည် ထိုနေရာကို ဝရမ်းမပါဘဲ ဝင်ရောက်ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

( ခ ) မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ၎င်းအား တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသည့် ရဲအရာရှိ တစ်ဦးဦးသည် ဒုတိယရဲအုပ်အဆင့်အောက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးအား ထိုနေရာကို ဝင်ရောက်ရှာဖွေရန် ရှာဖွေဖမ်းဆီးခွင့်အမိန့် ထုတ်ပေးနိုင်သည်။ ရှာဖွေဖမ်းဆီးခွင့် အမိန့်ဖြင့် ဆောင်ရွက်သည့် ရဲအရာရှိသည် ပြစ်မှုကျူးလွန်သူကို ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်း သိမ်းဆည်းခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၁၄။ ရဲအရာရှိသည် ပုဒ်မ ၁၃ အရ ဆောင်ရွက်ရာတွင် ဤဥပဒေနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၆)
## တားမြစ်ချက်များ

၁၅။ မည်သူမျှ–

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ)နှင့် (ဃ)တို့တွင် ပါဝင်သည့် လက်နက် တစ်ခုခုကို တစ်ဦးဦးအား ဘေးအန္တရာယ်ဖြစ်စေရန် သို့မဟုတ် ခြောက်လှန့်ရန်ရည်ရွယ်၍ အများပြည်သူနှင့် ဆိုင်သောနေရာတွင် သယ်ယူခြင်း၊ ကိုင်ဆောင်သွားလာခြင်း၊ လက်ဝယ်ထားရှိခြင်း သို့မဟုတ် ပြသခြင်း မပြုရ။

( ခ ) ပုဒ်မ ၂၊ ပုဒ်မခွဲ (င)နှင့် (စ) တို့တွင်ပါဝင်သည့် သေနတ် သို့မဟုတ် ခဲယမ်းတစ်ခုခုကို လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များနှင့်အညီ မဟုတ်ဘဲ သယ်ယူခြင်း၊ လက်ဝယ်ထားခြင်း၊ ကိုင်ဆောင်သွားလာခြင်း သို့မဟုတ် အသုံးပြုခြင်းမပြုရ။

( ဂ ) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ)နှင့် (ဃ)တို့တွင်ပါဝင်သည့် လက်နက် တစ်ခုခုကို ရောင်းချခြင်း၊ ရောင်းချရန်အလို့ငှာ လက်ဝယ်ထားခြင်း၊ မိမိ၏ စီမံကြီးကြပ်မှုအောက်တွင် ထားရှိခြင်း၊ ပြုလုပ်ခြင်း သို့မဟုတ် ဝှက်သိမ်းခြင်းမပြုရ။

၁၆။ မည်သူမျှ ဤဥပဒေနှင့်ဆန့်ကျင်၍ –

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (င)၊ (စ)၊ (ဆ)နှင့် (ဇ)တို့တွင် ပါဝင်သည့် လက်နက်တစ်ခုခုကို လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်မရှိဘဲ သယ်ယူခြင်း၊ လက်ဝယ်ထားခြင်း၊ ကိုင်ဆောင်ခြင်း သို့မဟုတ် မိမိ၏ စီမံကြီးကြပ်မှုအောက်တွင် ထားရှိခြင်း မပြုရ။

( ခ ) ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ (စ)၊ (ဆ)နှင့် (ဇ)တို့တွင်ပါဝင်သည့် လက်နက်တစ်ခုခုကို ထုတ်လုပ်ခြင်း၊ အသွင်ပြောင်းခြင်း၊ ရောင်းချခြင်း၊ သိုလှောင်ခြင်း၊ ရောင်းရန်ကမ်းလှမ်းခြင်း သို့မဟုတ် ရောင်းချရန် ခင်းကျင်းပြသခြင်း မပြုရ။

( ဂ ) ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ (စ)၊ (ဆ)နှင့် (ဇ) တို့တွင် ပါဝင်သည့် လက်နက်တစ်ခုခုကို လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်မရှိဘဲ ပြည်ပမှဝယ်ယူခြင်း၊ တင်သွင်းခြင်း၊ သယ်ယူခြင်း သို့မဟုတ် ကိုင်ဆောင်ခြင်းနှင့် ပြည်ပသို့ ရောင်းချခြင်း၊ တင်ပို့ခြင်း၊ သယ်ယူခြင်း သို့မဟုတ် ကိုင်ဆောင်ခြင်း မပြုရ။

၁၇။ မည်သူမျှ ပုဒ်မ ၂၊ ပုဒ်မခွဲ (င)၊ (စ)၊ (ဆ)နှင့် (ဇ)တို့တွင် ပါဝင်သည့် လက်နက်တစ်ခုခုကို ပုဒ်မ ၁၆ ပါ ပြုမူမှုတစ်ခုခုနှင့်စပ်လျဉ်း၍ တာဝန်ရှိသူတစ်ဦးဦးကရှာဖွေနေစဉ် ရှာဖွေမတွေ့ရှိစေရန် ဝှက်သိမ်းထားခြင်း မပြုရ။

၁၈။ မည်သူမျှ နိုင်ငံတော်ပုန်ကန်မှုကို ကျူးလွန်ရန်အကြံဖြင့် ပုဒ်မ ၂၊ ပုဒ်မခွဲ (င)၊ (စ)၊ (ဆ)နှင့် (ဇ)တို့တွင် ပါဝင်သည့် လက်နက်တစ်ခုခုကို သယ်ယူခြင်း၊ လက်ဝယ်ထားခြင်း၊ ကိုင်ဆောင်ခြင်း သို့မဟုတ် မိမိ၏စီမံကြီးကြပ်မှုအောက်တွင်ထားရှိခြင်း မပြုရ။

၁၉။ မည်သူမျှ–

(က) နိုင်ငံတော်ပိုင် လက်နက် သို့မဟုတ် ဥပဒေအရ ကိုင်ဆောင်ခွင့်ရှိသူပိုင် သေနတ်ကိုဖြစ်စေ၊ ခဲယမ်းကိုဖြစ်စေ ခိုးယူခြင်း သို့မဟုတ် ခိုးမှုကျူးလွန်ရန် အားထုတ်ခြင်း မပြုရ။

( ခ ) နိုင်ငံတော်ပိုင် လက်နက် သို့မဟုတ် ဥပဒေအရ ကိုင်ဆောင်ခွင့်ရှိသူပိုင် သေနတ်ကိုဖြစ်စေ၊ ခဲယမ်းကိုဖြစ်စေ ရောင်းချခြင်း သို့မဟုတ် ရောင်းချရန် အားထုတ်ခြင်း မပြုရ။

( ဂ ) နိုင်ငံတော်ပိုင် လက်နက် သို့မဟုတ် ဥပဒေအရ ကိုင်ဆောင်ခွင့်ရှိသူပိုင် သေနတ်ကိုဖြစ်စေ၊ ခဲယမ်းကိုဖြစ်စေ ဤဥပဒေအရ ကိုင်ဆောင်ခွင့်မရှိသော အခြားသူတစ်ဦးအား တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်း သို့မဟုတ် ပေးအပ်ရန်အားထုတ်ခြင်း မပြုရ။

(ဃ) နိုင်ငံတော်ပိုင် လက်နက် သို့မဟုတ် ဥပဒေအရ ကိုင်ဆောင်ခွင့်ရှိသူပိုင် သေနတ်ကိုဖြစ်စေ၊ ခဲယမ်းကိုဖြစ်စေ လုယူခြင်း သို့မဟုတ် လုယူရန်အားထုတ်ခြင်း မပြုရ။

( င ) နိုင်ငံတော် နစ်နာဆုံးရှုံးစေရန် ကြံရွယ်ချက်ဖြင့် နိုင်ငံတော်ပိုင်လက်နက်ကို ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း မပြုရ။

၂၀။ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ဖြင့် လက်နက်ကိုင်ဆောင်သူ မည်သူမျှ–

(က) လိုင်စင်ဖြစ်စေ၊ ခွင့်ပြုမိန့်ဖြစ်စေ သတ်မှတ်သက်တမ်းကုန်ဆုံးပြီးနောက် သေနတ်နှင့် ခဲယမ်းများကို ကိုင်ဆောင်ခြင်း သို့မဟုတ် လက်ဝယ်ထားခြင်း မပြုရ။

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

(ခ) တာဝန်ရှိသူက စစ်ဆေးရန်တောင်းဆိုသည့်အခါ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်နှင့်အတူ သေနတ်နှင့်ခဲယမ်းတို့ကို ပြသရန်ပျက်ကွက်ခြင်း မရှိစေရ။

(ဂ) နေရပ်မှ ပြောင်းရွှေ့နေထိုင်ပါက လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည့် ဒေသဆိုင်ရာ စိစစ်ခွင့်ပြုရေးအဖွဲ့သို့ သတ်မှတ်ထားသည့်ပုံစံဖြင့် တင်ပြရန် ပျက်ကွက်ခြင်း မရှိစေရ။

၂၁။ မည်သူမျှ–

(က) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ဖြင့် ကိုင်ဆောင်သည့် လက်နက်ကို စည်းကမ်း ဖောက်ဖျက်ခြင်းကြောင့် ပြန်လည်အပ်နှံရန် ညွှန်ကြားသည့် အခါတွင်ဖြစ်စေ၊ အမိန့်ကြော်ငြာစာတစ်ခုခုအရ အပ်နှံရန် ညွှန်ကြားသည့်အခါတွင်ဖြစ်စေ မိမိလက်ဝယ်ရှိ သေနတ်နှင့် ခဲယမ်းများကို လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်နှင့်အတူ အနီးဆုံးရဲစခန်းသို့ ချက်ချင်းလာရောက်အပ်နှံရမည်။

(ခ) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် သက်တမ်းတိုးခြင်းကို ခွင့်မပြုသည့်အခါဖြစ်စေ၊ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ရုပ်သိမ်းသည့်အခါ သို့မဟုတ် ပယ်ဖျက်သည့်အခါဖြစ်စေ မိမိလက်ဝယ်ရှိ သေနတ်နှင့် ခဲယမ်းများကို လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်နှင့်အတူ အနီးဆုံးရဲစခန်းသို့ ချက်ချင်းလာရောက်အပ်နှံရမည်။

၂၂။ မည်သူမျှ အောက်ဖော်ပြပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ သတင်းမပေးရန် လုံလောက်သော အကြောင်းမရှိလျှင် အနီးဆုံးရဲစခန်း သို့မဟုတ် အုပ်ချုပ်ရေးမှူးတစ်ဦးဦးထံသို့ အမြန်ဆုံးသတင်းပေးရန် ပျက်ကွက်ခြင်း မရှိစေရ–

(က) ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သိရှိခြင်း၊

(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ) နှင့် (ဇ) တို့တွင် ဖော်ပြထားသည့် လက်နက်တစ်ခုခုကို တွေ့ရှိခြင်း။

## အခန်း(၇)
## ပြစ်ဒဏ်များ

၂၃။ မည်သူမဆို–

(က) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

(ခ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၂၄။ မည်သူမဆို ပုဒ်မ ၁၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၂၅။ မည်သူမဆို ပုဒ်မ ၁၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးသုံးနှစ်မှ အများဆုံးခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၁၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးငါးနှစ်မှ အများဆုံးဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၁၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၂၈။ မည်သူမဆို ပုဒ်မ ၂၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံးကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၉။ မည်သူမဆို ပုဒ်မ ၂၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး သုံးလမှ အများဆုံးတစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၃၀။ မည်သူမဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၁။ မည်သူမဆို ဤဥပဒေပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ အားထုတ်ခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ် ချမှတ်ခြင်းခံရမည်။

၃၂။ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်ပါက ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် သုံးသိန်းမှ အများဆုံးကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၈)
## သက်ဆိုင်မှုမရှိခြင်း

**၃၃။** ဤဥပဒေအရ အရေးယူရာတွင် အောက်ပါတို့နှင့် သက်ဆိုင်ခြင်း မရှိစေရ–

(က) အိမ်သုံး၊ လယ်ယာသုံး၊ စက်မှုလုပ်ငန်းသုံး သို့မဟုတ် အခြားလုပ်ငန်းသုံးအဖြစ် ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ)နှင့် (ဃ) တို့အရ အကျုံးဝင်သောလက်နက်များကို ဤဥပဒေနှင့် မဆန့်ကျင်ဘဲ ကိုင်ဆောင်သွားလာခြင်း သို့မဟုတ် လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်း။

(ခ) ပုဒ်မ ၃၉ အရ ကိုင်ဆောင်ခွင့်ပြုသည့် လက်နက်ကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီ သယ်ယူခြင်း၊ လက်ဝယ်ထားခြင်း၊ ကိုင်ဆောင်ခြင်းနှင့် အသုံးပြုခြင်း။

(ဂ) နိုင်ငံတော်ပိုင် လက်နက်နှင့် နိုင်ငံတော်ပိုင်အဖြစ် သတ်မှတ်ထားသည့် လက်နက်ကို ဥပဒေနှင့်အညီ သိုလှောင်ခြင်း၊ လက်ဝယ်ထားခြင်း၊ မိမိ၏စီမံကြီးကြပ်မှု အောက်တွင်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ လက်ခံခြင်းနှင့် အသုံးပြုခြင်း။

(ဃ) နိုင်ငံတော်ပိုင် လက်နက်များ ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်း၊ အသွင်ပြောင်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း၊ ထောက်ပံ့ခြင်း၊ ရောင်းချခြင်း၊ သိုလှောင်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ လက်ခံခြင်းနှင့် အခြားနည်းဖြင့် စီမံခန့်ခွဲခြင်း။

(င) တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများက နိုင်ငံတော်ပိုင် လက်နက်နှင့် ဤဥပဒေအရ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ဖြင့် ကိုင်ဆောင်ခွင့်ပြုသော လက်နက်ကို ဥပဒေနှင့်အညီ ကိုင်ဆောင်ခြင်း၊ လက်ဝယ်ထားခြင်း၊ မိမိ၏ စီမံကြီးကြပ်မှုအောက်တွင် ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ လက်ခံခြင်းနှင့် အသုံးပြုခြင်း။

(စ) ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် လက်နက်ကိုင်ဆောင်သည့် အဖွဲ့အစည်းများက သော်လည်းကောင်း၊ ပုဂ္ဂိုလ်တစ်ဦးဦးကသော်လည်းကောင်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက သော်လည်းကောင်း ဤဥပဒေအရ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ဖြင့် ကိုင်ဆောင်ခွင့်ပြုသည့် လက်နက်ကို ဥပဒေနှင့်အညီ ကိုင်ဆောင်ခြင်း၊ လက်ဝယ်ထားခြင်း၊ မိမိ၏ စီမံကြီးကြပ်မှုအောက်တွင် ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ လက်ခံခြင်းနှင့် အသုံးပြုခြင်း။

## အခန်း(၉)
## အထွေထွေ

၃၄။ ပုဒ်မ ၂၃ အရ အရေးယူ ဆောင်ရွက်ရာတွင် တွေ့ရှိသည့် လက်နက်များနှင့် စပ်လျဉ်း၍ အိမ်သုံး သို့မဟုတ် လယ်ယာလုပ်ငန်းသုံး သို့မဟုတ် စက်မှုလက်မှုလုပ်ငန်းသုံး သို့မဟုတ် အခြားလုပ်ငန်းသုံး တစ်ခုခုအတွက်အသုံးပြုရန် ရည်ရွယ်ကြောင်း သို့မဟုတ် ပုဒ်မ ၃၉ အရ ကိုင်ဆောင်ခွင့်ပြုသော လက်နက်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ကိုင်ဆောင်ခြင်း၊ လက်ဝယ်ထားခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် အသုံးပြုခြင်းဖြစ်ကြောင်း သက်သေထင်ရှားပြရန် တာဝန်သည် စွပ်စွဲခံရသူအပေါ်တွင် ကျရောက်စေရမည်။

၃၅။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ပုဒ်မ ၂၆ အရ စွဲဆိုသောပြစ်မှုတွင် နိုင်ငံတော် ပုန်ကန်မှုကျူးလွန်ရန် အကြံမရှိကြောင်း သက်သေထင်ရှားမပြနိုင်သူကို နိုင်ငံတော်ပုန်ကန်မှု ကျူးလွန်ရန်အကြံရှိသည်ဟု မှတ်ယူရမည်။

၃၆။ ဇီဝလက်နက်၊ ဓာတုလက်နက်နှင့် နျူကလီးယားလက်နက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့် အရေးယူရမည်။

၃၇။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၈။ ပုဒ်မ ၂၃ အရ တရားစွဲဆိုရာ၌ ခရိုင်ရဲတပ်ဖွဲ့မှူး၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၃၉။ ပုဒ်မ ၈ အရ ကိုင်ဆောင်ခွင့်ပြုထားသည့် လက်နက်ကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်မညီဘဲ ကိုင်ဆောင်ခြင်း၊ လက်ဝယ်ထားခြင်း၊ သယ်ဆောင်ခြင်း၊ သို့မဟုတ် အသုံးပြုခြင်း ဖြစ်ကြောင်းပေါ်ပေါက်ပါက ဤဥပဒေအရ အရေးယူခြင်းခံရမည်။

၄၀။ တရားရုံးသည် –

(က) ပြစ်မှုနှင့်သက်ဆိုင်သည့် လက်နက်များကို နိုင်ငံ့ဘဏ္ဍာအဖြစ်သိမ်းဆည်းပြီး သက်ဆိုင်ရာသို့ အပ်နှံစေရမည်။

(ခ) ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၄၁။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းပစ္စည်းကို မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ရမည်။

၄၂။ (က) ဤဥပဒေအာဏာမတည်မီက ထုတ်ပေးခဲ့သော လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်နှင့် မှတ်ပုံတင်ခြင်းတို့ကို ဤဥပဒေအရထုတ်ပေးထားသော လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် ထုတ်ပေးခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ပုဒ်မခွဲ (က) အရ သေနတ်နှင့် ခဲယမ်းများ ကိုင်ဆောင်သူသည် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် သို့မဟုတ် မှတ်ပုံတင်ခြင်းသက်တမ်းကုန်ဆုံးလျှင် ဆက်လက်ကိုင်ဆောင်လိုပါက ဤဥပဒေနှင့်အညီ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် လျှောက်ထားခြင်းနှင့် သက်တမ်းတိုးခြင်း တို့ကို ဆောင်ရွက်ရမည်။

၄၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်–

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ကြီးကြပ်မှုကော်မတီနှင့် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် စိစစ်ခွင့်ပြုရေး ဗဟိုအဖွဲ့တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၄။ ဤဥပဒေဖြင့်–

(က) အောက်ပါအက်ဥပဒေများကို ရုပ်သိမ်းလိုက်သည်–

(၁) The Arms Act(India Act XI,1878)၊

(၂) ၁၉၄၉ ခုနှစ်၊ လက်နက်(အရေးပေါ် ပြစ်ဒဏ်စီရင်မှု) (ယာယီ)အက်ဥပဒေ၊

(၃) ၁၉၄၉ ခုနှစ်၊ လက်နက် (အရေးပေါ် ပြစ်ဒဏ်စီရင်မှု) တချက်လွှတ်ဥပဒေ။

(၄) The Arms (Temporary Amendment) Act (Act LI, 1951) ။

(ခ) The Shan States Arms Order, 1924 အမိန့်ကို ပယ်ဖျက်လိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်–

**(ပုံ)မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အရည်အသွေးရှိ အသက်မွေးဝမ်းကျောင်းပညာရေးဖြင့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးမြူရေး

.......... ကိုချင်း ..........

ကျွန်တော်တို့ ငယ်စဉ်တုန်းက ဒသမတန်း အောင်မြင်ပြီးပါက တက္ကသိုလ်တက်ရောက် ပညာ သင်ကြားရာမှာ ဝိဇ္ဇာ/ သိပ္ပံတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်ဆိုပြီး တက်ရောက်ကြရပါသည်။ ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ တိရစ္ဆာန်ဆေးကုနှင့် မွေးမြူရေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ တက္ကသိုလ် စသည်တို့ကို အသက်မွေးဝမ်းကျောင်း တက္ကသိုလ် (Professional Institution) များဟု ခေါ်ကြသည်။ ဝိဇ္ဇာ/ သိပ္ပံနှင့် စီးပွားရေးပညာရပ်များကို ဝိဇ္ဇာ/ သိပ္ပံတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ် တို့တွင် အသီးသီးတက်ရောက်သင်ယူကြရသည်။

**✳ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များမှ ဘွဲ့ရပြီး လုပ်ငန်းခွင်သို့ ရောက်ရှိနေကြသည့် ဗိသုကာ၊ အင်ဂျင်နီယာ၊ ဆရာဝန်၊ သူနာပြု၊ စာရင်းစစ် စသည့် အသက်မွေးဝမ်းကျောင်းပညာရှင်များအတွက် အာဆီယံနှင့် လိုက်လျောညီထွေဖြစ်အောင် နိုင်ငံတော်က ပညာရပ်ကောင်စီများ ထူထောင်ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ပေးခဲ့ခြင်းဖြင့် အာဆီယံအဆင့်လက်မှတ်ရ စာရင်းစစ်ပညာရှင်များ၊ အာဆီယံအဆင့်လက်မှတ်ရ ဗိသုကာ၊ အင်ဂျင်နီယာပညာရှင်များ ပေါ်ပေါက်လာ**

**✳ ဘွဲ့သင်တန်းများကို နိုင်ငံတကာသဘောတူညီမှုနှင့်အညီ လေ့ကျင့်သင်ကြားထားပြီး စိစစ်အသိအမှတ်ပြုမှုများ ပြုလုပ်ထားပါက ကျွန်တော်တို့၏ ပညာရှင်များနေရာကို အလွယ်တကူနေရာဝင်ယူခြင်းမှ ကာကွယ်နိုင်မည်**

ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ် တက်ရောက်သည့် ကျောင်းသား ကျောင်းသူများသည် ဘွဲ့ရပြီးသောအခါ သူတို့နှင့်ဆက်စပ်သည့် လုပ်ငန်းများကို လွတ်လွတ်လပ်လပ် ရွေးချယ်လုပ်ကိုင်နိုင်ကြသည်။ အဓိကအားဖြင့် အသက်မွေးဝမ်းကျောင်း ဘာသာရပ်များနှင့် ကွဲပြားခြားနားမှုမှာ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်ကို တက်ရောက်သည့် ကျောင်းသား ကျောင်းသူများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းထဲသို့ ရောက်ရှိသည့်အခါ ဥပမာအားဖြင့် ဆေးကျောင်းသားများသည် ဆေးပညာနှင့်ပတ်သက်သည့်လုပ်ငန်းများ ဆောင်ရွက်ခွင့်ရရန်အတွက် စာတွေ့အပြင် ဆေးရုံ၊ ဆေးပေးခန်းများ၌ လက်တွေ့လေ့ကျင့်ပြီး ဆေးကုသမှုအတတ်ပညာကို လက်တွေ့သင်ယူပြီးသောအခါမှသာ ဆေးကုသခွင့်လိုင်စင်ကို သက်ဆိုင်ရာ ပညာရပ်အဖွဲ့အစည်းများထံမှရယူပြီး ဆေးကုသမှု ဆောင်ရွက်ခွင့် ရရှိသည်။ အလားတူ စာရင်းပညာရှင်များသည်လည်း စာရင်းစစ်ဆေးနိုင်ရန်အတွက် လိုအပ်သည့် မှတ်ပုံတင်လက်မှတ်ရရှိရေးအတွက် သင်တန်းများတက်ရောက်ကြရပြီး လက်တွေ့စာရင်းကိုင်၊ စာရင်းစစ်လုပ်ငန်းများ သင်ယူပြီးမှ လိုင်စင်ဝင်ရောက်ဖြေဆို၍ မှတ်ပုံတင်ရရှိပြီးမှသာ စာရင်းလုပ်ငန်းများကို လုပ်ကိုင်ခွင့်ရရှိကြသည်။ ရှေ့နေ၊ ရှေ့ရပ်များသည်လည်း ဥပဒေဘွဲ့ရပြီးသောအခါ သက်ဆိုင်ရာတရားရုံးများမှာ လက်တွေ့ဆင်းပြီး အသိအမှတ်ပြုလက်မှတ်ရရှိမှသာ အလုပ်လုပ်ခွင့်ရရှိကြသည်။

အသက်မွေးဝမ်းကျောင်း ဘာသာရပ်နှင့် ဆက်နွှယ်ပြီး တက်ရောက်ကြသည့် ကျောင်းသား ကျောင်းသူများသည် ဘွဲ့ရရှိပြီး လုပ်ငန်းခွင်ဝင်ရောက်ကြသောအခါ ဆောင်ရွက်ရသည့် အသက်မွေးဝမ်းလမ်းကြောင်းသည် အခြားပညာရပ်များမှ ဘွဲ့ရရှိသူများနှင့် မတူညီသည်ကို ဦးစွာရှင်းပြလိုခြင်း ဖြစ်သည်။

**ပညာရှင်အဖွဲ့အစည်းများ**

ကျွန်တော်တို့ခေတ်တုန်းက ပညာရှင်များအား ကြပ်မတ်ကွပ်ကဲသည့် ပညာရှင်အဖွဲ့အစည်းများအဖြစ် စာရင်းကောင်စီ၊ ဆေးကောင်စီ၊ ရှေ့နေများအတွက် ဘားကောင်စီ (Bar Council) တို့ရှိကြသည်။ ထိုစဉ်က ဗိသုကာ၊ အင်ဂျင်နီယာလုပ်ငန်းများအတွက် ဗိသုကာ၊ အင်ဂျင်နီယာမှတ်ပုံတင်ရှိမှ အလုပ်လုပ်နိုင်မည့် သတ်မှတ်ချက်မရှိခဲ့ပါ။

ကျွန်တော်တို့နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် စတင်ဝင်ရောက်ခဲ့သည့် အချိန်မှစ၍ အသက်မွေးဝမ်းကျောင်း ပညာရပ်များဖြင့် အောင်မြင်ပြီးသူများ လုပ်ငန်းခွင်ဝင်ရောက်မည်ဆိုလျှင် ပညာရပ်ဆိုင်ရာမှတ်ပုံတင်ရှိမှ မိမိနှင့်သက်ဆိုင်သည့်လုပ်ငန်း လုပ်ခွင့်ရမည်ဆိုသည့် ကိစ္စရပ်တွေကို အာဆီယံက ကြပ်မတ်လာပါသည်။ ယင်းကို Mutual Recognition Arrangement (MRA) ဟု ခေါ်ဆိုပြီး ပညာရှင်များ အာဆီယံအတွင်းမှာ လွတ်လပ်စွာ လုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် မှတ်ပုံတင်ရန် လိုအပ်လာခြင်းဖြစ်သည်။ ယင်းအချိန်မှစ၍ အသက်မွေးဝမ်းကျောင်းပညာရပ်များဖြစ်သည့် အင်ဂျင်နီယာ၊ ဗိသုကာ၊ ဆေး၊ သွားဘက်ဆိုင်ရာ၊ သူနာပြု၊ စာရင်းစစ်၊ မြေတိုင်း ဘာသာရပ်များတွင် Mutual Recognition Arrangement (MRA) ကို အပြန်အလှန် သဘောတူညီမှုအစီအစဉ်များ ဆွေးနွေးကြပြီး အဆိုပါပညာရပ်များ၏ ဘွဲ့သင်တန်းများအား အရည်အသွေးစိစစ်အသိအမှတ်ပြုရန် လိုအပ်ချက်ကို ထည့်သွင်းတောင်းဆိုလာကြသည်။

ကျွန်တော်တို့နိုင်ငံက ထိုသို့ ဗိသုကာ၊ အင်ဂျင်နီယာ၊ ဆေး၊ သွားဘက်ဆိုင်ရာ၊ သူနာပြု၊ စာရင်းစစ်၊ မြေတိုင်းပညာရပ်များ၌ Mutual Recognition Arrangement (MRA) တွင် ပါဝင်လက်မှတ်ရေးထိုးထားသည့်အတွက် သက်ဆိုင်ရာ ပညာရပ်များမှ ပညာရှင်များက အာဆီယံအစည်းအဝေးများတွင် ညှိနှိုင်းဆွေးနွေးကာ လိုအပ်သည့် မှတ်ပုံတင်ခြင်း၊ ဘွဲ့အသိအမှတ်ပြုခြင်း၊ ကျွမ်းကျင်မှုဆိုင်ရာ အရည်အချင်းသတ်မှတ်ခြင်း စနစ်များကို ထူထောင်ရန်ဖြစ်ပေါ်လာသည်။ အဆိုပါကိစ္စများသည် ဝန်ဆောင်မှုကုန်သွယ်ရေး (Trade in Services) ဟု ခေါ်သည့် ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်းကြီး၏ ကုန်သွယ်ရေးဝန်ဆောင်မှုများမှ စတင်လာခြင်း ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးခါစ General Agreement on Tariffs and Trade လို့ခေါ်သော GATT အဖွဲ့အစည်းပေါ်လာပြီး ယင်းနောက်တွင် World Trade Organization (WTO) အဖွဲ့အစည်းကြီးပေါ်လာသည်။ WTO နှင့်အတူ Trade in Services ပေါ်ပေါက်လာပြီး ဝန်ဆောင်မှု (Services) လုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဆိုပါက ပုံစံလေးခုဖြစ်သည့် နယ်စပ်ဖြတ်ကျော် ဝန်ဆောင်မှုပေးခြင်း၊ နယ်စပ်ဖြတ်ကျော်စားသုံးခြင်း၊ နယ်စပ်ဖြတ်ကျော်ရင်းနှီးမြှုပ်နှံခြင်း၊ နယ်စပ်ဖြတ်ကျော် အလုပ်လုပ်ကိုင်ခြင်းဟူ၍ သတ်မှတ်ပြဋ္ဌာန်းလာပါသည်။

**ဝန်ဆောင်မှုကုန်သွယ်ရေး**

ဝန်ဆောင်မှုကုန်သွယ်ရေး၏ စတုတ္ထပုံစံ (Mode 4) ဖြစ်သည့် ပညာရှင်များက နယ်စပ်ဖြတ်ကျော် အလုပ်လုပ်ကိုင်ခြင်းကိစ္စရပ်များ၌ မြန်မာနိုင်ငံက ပညာရှင်များနှင့်ပတ်သက်လာပြီး ဝန်ဆောင်မှုကုန်သွယ်ရေးပါ စတုတ္ထပုံစံအရ နယ်စပ်ဖြတ်ကျော် အလုပ်လုပ်ရာတွင် ပညာရှင်များအတွက် ဘွဲ့သင်တန်းအသိအမှတ်ပြုမှု၊ ကျွမ်းကျင်မှုဆိုင်ရာ အရည်အချင်းနှင့် မှတ်ပုံတင်ခြင်းစနစ် သတ်မှတ်ချက်များအား မည်သည်တို့ သတ်မှတ်ပြဋ္ဌာန်းရမည်ဆိုသည့် လိုအပ်ချက်များ ဖြစ်ပေါ်လာသည်။

ယင်းအတွက် ပညာရှင်များဖြစ်လာရန် အများသဘောတူထားသည့် သင်ရိုးညွှန်းတမ်းနှင့် ကာလဖြင့် သင်ကြားသည့် ဘွဲ့သင်တန်းများမှ အောင်မြင်ရန်၊ လက်တွေ့လုပ်သက် မည်မျှရှိရန်၊ မည်သည့်အတွေ့အကြုံရှိရန်၊ ပညာရှင်မှတ်ပုံတင် လက်မှတ်ရှိရန် စသည့် သတ်မှတ်ချက်များ ချမှတ်လာကြသည်။ ထို့ကြောင့် ကျွန်တော်တို့နိုင်ငံမှာလည်း ယင်းကိစ္စများနှင့်ပတ်သက်၍ ပညာရှင်များအား ကြပ်မတ်ထိန်းသိမ်းရန် ဥပဒေများရေးဆွဲ၍ ပညာရပ်ကောင်စီဟုခေါ်သည့် အဖွဲ့အစည်းများကို ဥပဒေနှင့်အညီ ထူထောင်ပြီး ဆောင်ရွက်လာကြရသည်။

လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ခွင့် သဘောတူညီချက် (Free Trade Agreement) တွင် အဓိက သုံးမျိုးဖြစ်သည့် ဈေးကွက်ဖွင့်ခြင်း (Market Assess)၊ ရောင်းချခွင့်ပေးခြင်း (Commercial Presence)၊ ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် ပတ်သက်ပြီး ဘယ်လိုစနစ်နှင့် အရည်အချင်း သတ်မှတ်မည်ဆိုသည့် (National Treatment) ကိစ္စရပ်များ ပါဝင်သည်။

လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ခွင့်သဘောတူညီချက် (Free Trade Agreement) ၌ စတုတ္ထပုံစံ (Mode 4) အရ နယ်စပ်ဖြတ်ကျော် (Cross Border) သွားရောက် အလုပ်လုပ်ကိုင်မည့်သူများအတွက် မှတ်ပုံတင်လက်မှတ်၊ လိုင်စင် စသည်တို့ကို ဥပဒေပြဋ္ဌာန်းပြီး အရည်အချင်း ပြည့်ဝသူသို့ ထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်ချက်ကြောင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များမှ ဘွဲ့ရပြီး လုပ်ငန်းခွင်သို့ ရောက်ရှိနေကြသည့် ဗိသုကာ၊ အင်ဂျင်နီယာ၊ ဆရာဝန်၊ သူနာပြု၊ စာရင်းစစ် စသည့် အသက်မွေးဝမ်းကျောင်း ပညာရှင်များအတွက် အာဆီယံနှင့် လိုက်လျောညီထွေဖြစ်အောင် နိုင်ငံတော်က ပညာရပ်ကောင်စီများ ထူထောင်ဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ ဆောင်ရွက်ပေးခဲ့ခြင်းဖြင့် အာဆီယံအဆင့် လက်မှတ်ရ စာရင်းစစ်ပညာရှင်များ၊ အာဆီယံအဆင့် လက်မှတ်ရ ဗိသုကာ၊ အင်ဂျင်နီယာပညာရှင်များ ပေါ်ပေါက်လာသည်။

**မှတ်ပုံတင်လက်မှတ်များ ရရှိရေး**

ယခုလိုစနစ်များ ပေါ်ပေါက်လာသည့်အတွက် တက္ကသိုလ်ပညာရပ်များ ပြီးဆုံးသွားသည့်အခါ ဒေသတွင်း အမျိုးသားအဆင့်အသိအမှတ်ပြုထားသည့် မှတ်ပုံတင်လက်မှတ်များ ရရှိရေးအတွက် လက်တွေ့လုပ်ငန်းခွင်ဝင်ခြင်း၊ တက်ရောက်သင့်သည့် သင်တန်းများ တက်ရောက်ကြရသည်။ လုပ်သက်ပြည့်သည့်အခါ မှတ်ပုံတင်လက်မှတ်များ ရရှိရေးအတွက် ကျွမ်းကျင်မှုဆိုင်ရာ အရည်အချင်း သတ်မှတ်ချက်နှင့် ပြည့်မီကြောင်း အစစ်ဆေးခံရမည်ဆိုသည့် စနစ်များကို ပြဋ္ဌာန်းဆောင်ရွက်လာကြရသည်။ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် ပထမဦးစွာ မှတ်ပုံတင်ပေးအပ်ရန် စစ်ဆေးမည့်အဖွဲ့အစည်း (Professional Regulatory Authority–PRA) ရှိရမည်ဖြစ်သည်။ ယင်းအဖွဲ့အစည်းများကို နိုင်ငံတော်က ဆောင်ရွက်ပေးသည်။

မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် နောက်ထပ်တွေ့ကြုံရသည့် ပြဿနာတစ်ခုမှာ ပညာရှင်များရရှိထားသည့် ဘွဲ့သည် ဒေသတွင်းအဖွဲ့အစည်းများမှ တညီတညွတ်တည်း သဘောတူပြီးဆုံးဖြတ်ထားသော သင်ရိုးနှင့်ကာလများဖြင့် သင်ကြားသည့် ဘွဲ့သင်တန်း၌ သင်ကြားရမည်ဆိုသည့်အချက်ဖြစ်သည်။ ဘွဲ့သင်တန်းများ ပညာသင်ကာလနှစ်မည်မျှရှိရန်နှင့် ဘွဲ့ရရှိပြီး လက်တွေ့လုပ်သက်နှစ်မည်မျှရှိရန်ဆိုသည့် သတ်မှတ်ချက်များ ပါဝင်လာပါသည်။ ဥပမာအားဖြင့် အင်ဂျင်နီယာဝန်ဆောင်မှုလုပ်ငန်းများပေးမည့် လုပ်ငန်းများအတွက် Engineering Services Professional (ESP) ဖြစ်ရန်၊ ESP တစ်ယောက်သည် နိုင်ငံတကာ သဘောတူညီထားသည့် သင်ရိုးညွှန်းတမ်းများနှင့်အညီ လေ့ကျင့်သင်ကြားပေးထားသည့် ဘွဲ့သင်တန်းမှ အောင်မြင်ရမည်ဆိုသည့်အချက် ပါဝင်လာသည်။

ထို့ကြောင့် ဘွဲ့သင်တန်းများကို နိုင်ငံတကာ အသိအမှတ်ပြုသည့် သင်ရိုးညွှန်းတမ်းများနှင့်အညီ လေ့ကျင့် သင်ကြားပေးရမည်ဖြစ်သည့်အတွက် အင်ဂျင်နီယာဘွဲ့သင်တန်းများသည် နိုင်ငံတကာ သဘောတူညီမှုအတိုင်း၊ ပြဋ္ဌာန်းထားသည့် သင်ရိုးညွှန်းတမ်းအတိုင်း သင်ကြားမှု ရှိ/မရှိ၊ သတ်မှတ်ထားသော Programme Outcome များ ရှိ/ မရှိ၊ ဘွဲ့သင်တန်းကာလများ သတ်မှတ်ချက်နှင့် ညီ/ မညီ၊ ကျန်သောသတ်မှတ်ချက်များသည်လည်း ပြည့်စုံမှု ရှိ/မရှိ စသည့် အချက်များလည်း ပြည့်စုံရန် ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတကာသဘောတူညီမှု၏ အမြင့်ဆုံး တောင်းဆိုချက်မှာ ဘွဲ့သင်တန်းအား စိစစ်အသိအမှတ်ပြုမှု (Accreditation) ဟု ခေါ်သော ဘွဲ့သင်တန်းများကို စိစစ်အသိအမှတ်ပြုထားရမည် ဆိုသည့်အချက်ဖြစ်သည်။ စိစစ်အသိအမှတ်ပြုရမည့် အဖွဲ့အစည်းသည် မိမိတို့နိုင်ငံတွင် ရှိရမည်ဖြစ်ပြီး ယင်းအဖွဲ့အစည်းသည်လည်း ဥပဒေနှင့်အညီ တည်ထောင်

*စာမျက်နှာ ၁၀ သို့*

# တရားမဝင်ကိုင်ဆောင်ထားသည့် လက်နက်ခဲယမ်းများအား လိုင်စင်လျှောက်ထားရန် အသိပေးထုတ်ပြန်ချက်

၁။ ယနေ့အချိန်ကာလတွင် အကြမ်းဖက်သမားများက အပြစ်မဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက်သတ်ဖြတ်တိုက်ခိုက်မှုများကြောင့် ပြည်သူလူထုအတွင်း၌ လူပုဂ္ဂိုလ် လုံခြုံရေးကို စိုးရိမ်ကြသည့်အတွက် လက်နက်ခဲယမ်းများကို နည်းလမ်းမျိုးစုံဖြင့် ရှာဖွေကာ တရားမဝင်ကိုင်ဆောင်လျက်ရှိကြောင်း ကြားသိနေရပါသည်။ မူလရည်ရွယ်ချက်မှာ လူပုဂ္ဂိုလ်လုံခြုံရေးအတွက်ဖြစ်သော်လည်း လက်နက်ခဲယမ်းများ လက်ဝယ်ရှိနေချိန်တွင် လူ၏စိတ်သည် အချိန်မရွေးပြောင်းလဲသွားနိုင်ပြီး တရားမဝင် ကိုင်ဆောင်ထားခြင်းဖြစ်သဖြင့် တစ်ချိန်ချိန်တွင် တလွဲအသုံးပြုမှုများ ဖြစ်ပေါ်လာနိုင်သည့်အပြင် ဥပဒေနှင့်လည်း ညီညွတ်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် တရားမဝင်လက်နက်ခဲယမ်း ကိုင်ဆောင်မှုများ လျော့နည်းပပျောက်စေရေးနှင့် လက်နက်ခဲယမ်းများကို တလွဲအသုံးပြုမှုများ မဖြစ်ပေါ်စေရေးအတွက် လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မူနှင့်အညီ စနစ်တကျလိုင်စင်ထုတ်ပေးရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်လိုင်စင်လျှောက်ထားသည့်အခါ လျှောက်ထားသည့် သေနတ်အား မည်သို့မည်ပုံရရှိသည်ကို စစ်ဆေးမေးမြန်းသွားမည်မဟုတ်ဘဲ လျှောက်ထားလိုသည့် လက်နက်ခဲယမ်းနှင့်တကွ အပ်နှံလျှောက်ထားရမည်ဖြစ်ပါသည်။ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်လိုင်စင် လျှောက်ထားမှုအပေါ် လက်နက်ခဲယမ်း ကိုင်ဆောင်ခွင့်မူနှင့်အညီစိစစ်၍ သတ်မှတ်ချက်နှင့် ကိုက်ညီသူများကို လိုင်စင်ထုတ်ပေးသွားမည်ဖြစ်ပါသည်။ သီးခြားထုတ်ပြန်ပေးမည့် သတ်မှတ်ကာလအတွင်း လက်နက်ခဲယမ်း အပ်နှံ၍ လိုင်စင်လျှောက်ထားခြင်းမရှိပါက ဖော်ထုတ်ဖမ်းဆီး၍ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

## သီပေါမြို့၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**သီပေါ မေ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်း မုန်တိုင်းအန္တရာယ် ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်း ဦးဆောင်၍ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်နယ်တပ်ရင်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် စုဖွဲ့အင်အား ၁၀၆ ဦးတို့က ခလရ(၂၃)ဘောလုံးကွင်း၌ ယနေ့ နံနက်ပိုင်းက သရုပ်ပြလေ့ကျင့်ကြသည်။



စုဖွဲ့သရုပ်ပြလေ့ကျင့်ရာသို့ မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်း၊ ခေတ္တတပ်နယ်မှူးနှင့် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အသုံးပြုရန် ကြိုတင်စုဆောင်းထားရှိသည့် စက်ပစ္စည်း၊ မော်တော်ယာဉ်များ၊ ယန္တရားများ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆောင်ရွက်ထားသည့် အစုအဖွဲ့များကို ကြည့်ရှုအားပေးပြီး သဘာဝဘေးသရုပ်ပြလေ့ကျင့် ဆောင်ရွက်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## မြေပုံမြို့၌ သဘာဝဘေးကျရောက်နိုင်သည့် ကျေးရွာများအား ကြိုတင်ရွှေ့ပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မြေပုံ မေ ၁၁**

ရခိုင်ပြည်နယ် မြေပုံမြို့နယ်၌ သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်နိုင်ရန် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဦးဆောင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ် မြေပုံမြို့နယ်အတွင်း သဘာဝဘေးကျရောက်လာပါက ထိခိုက်မှုများရှိနိုင်သည့် ငမန်းရဲတိုက်နယ်ကျေးရွာ ၁၀ ရွာ၊ အငူကျေးရွာအုပ်စု ခြောက်ရွာ၊ ထူးချေကျေးရွာအုပ်စု သုံးရွာ၊ အိမ်ထောင်စု ၁၆၇၅ အုပ်စု၊ လူဦးရေ ၆၆၄၀ အား ဘေးလွတ်ရာနေရာများသို့ ယနေ့ညနေပိုင်းက ပြောင်းရွှေ့ပေးလျက်ရှိသည်။

အဆိုပါ ရွှေ့ပြောင်းနေထိုင်ကြသော ပြည်သူများ၏ စားဝတ်နေရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဆန်အိတ် ၂၀၀၊ ဆီပိဿာ ၅၀၀၊ ဆား ပိဿာ ၂၀၀၊ ငါးပိ ပိဿာ ၅၀ စုဆောင်းထားရှိပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာနကလည်း အိမ်ထောင်စု ၁၆၇၅ စုအတွက် ပစ္စည်း ၁၆ မျိုး အသင့်စုဆောင်းထားရှိကာ မြို့နယ်လူမှုရေးအသင်းအဖွဲ့များလည်း ကူညီထောက်ပံ့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်စိုး(ပြန်/ဆက်)**

*စာမျက်နှာ ၉ မှ*

ထားရမည်ဖြစ်သည်။ ပညာရပ်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများတွင်လည်း တက်ကြွစွာပါဝင်ပြီး ဆောင်ရွက်နေရမည်ဆိုသည့် အချက်များ တောင်းဆိုလာသည်။

ကျွန်တော်တို့နိုင်ငံအနေဖြင့် ယခုကဲ့သို့ တောင်းဆိုမှုများအတိုင်း အာဆီယံတွင် ပါဝင်ဆောင်ရွက်ပြီး ပညာရှင်များကို လွတ်လပ်စွာ နယ်စပ်ဖြတ်ကျော် အလုပ်လုပ်ကိုင်ခွင့် အပြန်အလှန်အသိအမှတ်ပြုနိုင်ရေးအတွက် MRA အရ လိုက်ပါဆောင်ရွက်ပါသည်။

အချုပ်အားဖြင့် MRA အရ Professional Regulatory Authority (PRA) လိုအပ်လာပြီး ယင်း PRA အရ အင်ဂျင်နီယာများ မှတ်ပုံတင်ရမည်ဆိုတာ ဖြစ်လာပါသည်။ မှတ်ပုံတင်နိုင်ရန်အတွက် မှတ်ပုံတင်ရမည့် အရည်အချင်းသတ်မှတ်ချက်၊ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများ ပြဋ္ဌာန်းရမည်။ ယင်းပြဋ္ဌာန်းချက်များနှင့် ညီ/မညီ ဆန်းစစ်ရမည်။ ဆန်းစစ်မှုခံယူမည့် ပုဂ္ဂိုလ်များသည် စိစစ်အသိအမှတ်ပြုထားသော ဘွဲ့သင်တန်းများမှ ဘွဲ့ရရှိသူဖြစ်ရမည်ဖြစ်သည်။

ထိုသို့ တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်လာမှုများသည် နောက်ဆုံးအသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ၏ ဘွဲ့သင်တန်းများအား စိစစ်အသိအမှတ်ပြုထားရမည် ဆိုသည်အထိ ဖြစ်လာသည်။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များမှ ဘွဲ့သင်တန်းများသည် နိုင်ငံတကာနှင့် ပညာရှင်အဖွဲ့အစည်းများမှ အသိအမှတ်ပြုသော၊ သဘောတူညီထားသော သတ်မှတ်ချက်များနှင့်အညီ သင်ကြားပေးရန် လိုအပ်သည်။ သတ်မှတ်ချက်များတွင် ရလဒ်အခြေပြု ပညာရေး၊ ဘွဲ့ရတစ်ယောက် တတ်ကျွမ်းရမည့်အရည်အချင်း၊ ဘွဲ့ရဂုဏ်ရည်များ၊ ဘွဲ့သင်တန်းများတွင် သင်ကြားရမည့် သင်ရိုးညွှန်းတမ်းများ၊ သင်ကြားရမည့်အချိန် စသည့် သဘောတူညီမှုများလည်း ထပ်ပြီးလိုအပ်လာပြန်သည်။

ကျွန်တော်တို့၏ ကျောင်းသား ကျောင်းသူလူငယ်မျိုးဆက်သစ်များကို ကျောင်းတက်ရင်းနှင့် အဆိုပါအခွင့်အလမ်းများ တစ်ပြိုင်တည်း ရရှိသွားနိုင်ရေးအတွက် ဘွဲ့သင်တန်းများ၏ သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာမှာ သဘောတူညီထားတဲ့ စံချိန်စံညွှန်းများအတိုင်း ရေးဆွဲသင်ကြားရန်၊ ယင်းဘွဲ့သင်တန်းများကို အဆိုပါ စံချိန်စံညွှန်းများနှင့်အညီ ရေးဆွဲသင်ကြားပေးနေသည်ဆိုသည်ကို စိစစ်အသိအမှတ်ပြုထားရန်လည်း လိုအပ်သည်။

ယခုကဲ့သို့ စိစစ်အသိအမှတ်ပြုထားသော ဘွဲ့သင်တန်းများမှ အောင်မြင်သည့် ကျောင်းသားကျောင်းသူများအား အသိအမှတ်ပြုပြီး ဒေသတွင်း၌ နယ်စပ်ဖြတ်ကျော်ပြီး ပညာရှင်များ၏ ဝန်ဆောင်မှုများကို Trade in Services အရ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဆက်လက်ပြီး ဘွဲ့ရရှိလာသော ကျောင်းသား ကျောင်းသူများကို ပညာရှင်မှတ်ပုံတင်လက်မှတ်များရရှိနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးရမည် ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ပေးခြင်းဖြင့် ပညာရှင်များ၏ Career Pathway အတိုင်း ဝင်ရောက်လာကာ နောက်ဆုံးတွင် ပညာရှင်အဆင့်မှ ကျွမ်းကျင်ပညာရှင် (Expert)၊ တတ်သိပညာရှင် (Consultant) အဆင့်ထိ ရောက်ရှိလာရန် ယနေ့အချိန်တွင် ဥပဒေနှင့်အညီ ပြဋ္ဌာန်းဆောင်ရွက်နေကြခြင်း ဖြစ်သည်။

ပညာရေးညီလာခံသည် မကြာခင်မှာ ကျင်းပတော့မည်ဖြစ်သည့်အတွက် ညီလာခံ၌ အခြေခံပညာရေးကဏ္ဍ၊ အဆင့်မြင့်ကဏ္ဍ၊ အသက်မွေးဝမ်းကျောင်းပညာကဏ္ဍများ ထည့်သွင်းဆွေးနွေးရာတွင် အထူးသဖြင့် အသက်မွေးဝမ်းကျောင်း ပညာကဏ္ဍမှာ ကျောင်းသင်ခန်းမှ ပြီးဆုံးပြီး ဆက်လက်လေ့ကျင့် သင်ကြားပေးရမည့် ကျောင်းသင်ခန်းလွန် အစီအစဉ်များကို ထည့်သွင်းစဉ်းစားဆွေးနွေးရန် ပြင်ဆင်နေခြင်းကို သိရှိရသည့်အတွက် များစွာဝမ်းမြောက်မိသည်။

### နိုင်ငံတကာ အသိအမှတ်ပြုမှုကို ရရှိမည်

နောက်တစ်ချက်အနေဖြင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍမှာ သင်ကြားပေးမည့် သင်ရိုးညွှန်းတမ်းများ၊ သင်ရိုးဇယားများ၊ အချိန်ကာလများသည်လည်း ဒေသတွင်းနှင့် နိုင်ငံတကာမှ လက်ခံနိုင်သော သင်ရိုးညွှန်းတမ်းများ၊ အချိန်ကာလများ ဖြစ်ခဲ့ပါက "ကျွဲကူးရေပါ" သင်တန်းကာလပြီးဆုံးသည်နှင့် အသိအမှတ်ပြုမှုကိုပါ တစ်ပါတည်းရရှိနိုင်မည် ဖြစ်သည့်အတွက် ကျွန်တော်တို့ လူငယ်များ၏ ပညာအရည်အချင်းနှင့် လုပ်ငန်းကျွမ်းကျင်မှု (Qualfication and Competency) သည်လည်း နိုင်ငံတကာ အသိအမှတ်ပြုမှုကို ရရှိမည်ဖြစ်သည်။

ကျွန်တော်တင်ပြနေသည့် အချက်သည် ကျောင်းသားကျောင်းသူများကို နိုင်ငံခြားသို့ သွားပြီး အလုပ်လုပ်ရန်အတွက် ဆွေးနွေးနေခြင်း မဟုတ်ပါ။ ပြည်တွင်းလုပ်ငန်းများ၌ အရည်အချင်းပြည့်ဝသည့် ပညာရှင်များ ပေါ်ပေါက်ရန်အတွက် ဖြစ်သည်။ ယခုဆိုလျှင် ကျွန်တော်တို့နိုင်ငံမှာ အာဆီယံအဆင့် အင်ဂျင်နီယာ ၆၀၀ ကျော်၊ စာရင်းပညာရှင် ၄၀၀ ကျော်ခန့်ရှိနေပြီဖြစ်သော်လည်း အဆိုပါအင်ဂျင်နီယာ ၆၀၀ ကျော်လောက်တွင် အင်မတန်နည်းပါးသည့် အရေအတွက်လောက်သာ အလုပ်ရနေကြသည်။ ဒေသတွင်းနိုင်ငံများအနေဖြင့် ၎င်းတို့၏အကျိုးစီးပွားကို ဦးတည်ပြီး Free Trade Area၊ MRA၊ Trade in Services တို့ ပြောဆိုနေကြသော်လည်းပဲ သူတို့အကျိုးစီးပွားအတွက် တစ်ကွက်ချန်ကာ အမြဲကာကွယ်ထားကြပြီး ကျွန်တော်တို့နိုင်ငံတွင်ရှိသော အလုပ်အကိုင်အခွင့်အလမ်းများကိုတော့ လာယူနေကြသည်ကို တွေ့မြင်ရသည်။

သို့အတွက်ကြောင့် ဖွဲ့စည်းထားသည့် ပညာရပ်ကောင်စီ (PRA) များသည် ကျွန်တော်တို့၏ ကျွမ်းကျင်သော ပညာရှင်များအတွက် အလုပ်အကိုင် အခွင့်အလမ်း မဆုံးရှုံးစေရန်အတွက် ပြည်ပမှ ပညာရှင်များဝင်လာပြီး စည်းမဲ့ကမ်းမဲ့နေရာယူသွားမှုမဖြစ်စေရေးအတွက် ကာကွယ်ပေးနေရခြင်းဖြစ်သည်။

တစ်နည်းအားဖြင့် ကျွန်တော်တို့၏ ဘွဲ့သင်တန်းများကို နိုင်ငံတကာသဘောတူညီမှုနှင့်အညီ လေ့ကျင့်သင်ကြားထားပြီး စိစစ်အသိအမှတ်ပြုမှုများပြုလုပ်ထားပါက ကျွန်တော်တို့၏ ပညာရှင်များနေရာကို အလွယ်တကူ နေရာဝင်ယူခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။ သို့အတွက်ကြောင့် အတတ်ပညာရှင်များနှင့် သက်မွေးပညာရှင်များအတွက် ကာကွယ်ပေးသည့်အနေဖြင့် လိုအပ်ချက်ဖြစ်သော ဘွဲ့သင်တန်းများ စိစစ်အသိအမှတ်ပြုမှု (Accreditation) လုပ်ငန်းကို အာရုံစိုက်ပြီး လုပ်ဆောင်ပေးကြရန်၊ ကျောင်းသင်ခန်းလွန် လေ့ကျင့်ပေးမှု၊ ပညာပေးမှု သင်တန်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးရန် တင်ပြဆွေးနွေးကြမည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာနှင့် ပညာရေးညီလာခံ ၂၀၂၃ အား ကြိုဆိုထောက်ခံအပ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ပဲခူးတိုင်းဒေသကြီးရှိ ကဝမြို့နယ် အ.ထ.က အုန်းနဲ့နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ပဲခူး)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၁

၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှ စတင်၍ အခြေခံပညာ အထက်တန်းကျောင်းများတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များ တွဲဖက်ဖွင့်လှစ်သင်ကြားမည့် အခြေအနေနှင့် ကြိုတင်ပြင်ဆင်ထားရှိမှုများကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်သည် ပဲခူးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်းနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးရှိ ကဝ မြို့နယ် အ.ထ.က အုန်းနဲ့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ချက်နှင့်အညီ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှ စတင်၍ KG+9 အောင်မြင်ပြီးမြောက်သူများအတွက် ခရိုင် ၅၀ တွင် အခြေခံပညာအထက်တန်းကျောင်းများ ၅၁ ကျောင်း၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များ တွဲဖက်သင်ကြားပေးမည့်အစီအစဉ်များ၊ ကျောင်းသား ကျောင်းသူများကို နိုင်ငံတော်အနေဖြင့် ထောက်ပံ့ပေးမည့် အစီအစဉ်များ၊ သင်ယူတတ်မြောက်ပြီးပါက ရရှိနိုင်မည့်အကျိုးကျေးဇူးများ၊ ဆက်လက်ပညာသင်ကြားနိုင်မည့် အခြေအနေများနှင့် အလုပ်အကိုင်အခွင့်အလမ်းများဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ **(အောက်ဝဲပုံ)**

ထို့နောက် တက်ရောက်လာသည့် ခရိုင်အုပ်ချုပ်ရေးမှူး၊ တိုင်းပညာရေးမှူး၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၏ သိလိုသည့်မေးခွန်းများကို ရှင်းလင်းဖြေကြားပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများ တက်ရောက်သင်ယူမည့် စာသင်ခန်းအခြေအနေများ၊ သင်ထောက်ကူပစ္စည်းများနှင့် ကွန်ပျူတာများ တပ်ဆင်လေ့ကျင့်သင်ကြားပေးမည့် အခန်းများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လာမည့်ပညာသင်နှစ်တွင် ဖွင့်လှစ်ရန် လျာထားဆောင်ရွက်လျက်ရှိသည့် အစိုးရစက်မှုလက်မှုသိပ္ပံ (ပဲခူး) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး စာသင်ခန်းများ၊ လက်တွေ့သင်ကြားပေးမည့် အလုပ်ရုံများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ကျောင်းမဖွင့်မီ ပြီးစီးအောင် စီစဉ်ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် ရောဝတီတိုင်းဒေသကြီးအတွင်း မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

မြောင်းမြ မေ ၁၁

**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့ နံနက်ပိုင်းက ပန်းတနော်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောက်လုပ်ပြီး ဖွင့်လှစ်ရန်ပြင်ဆင်နေသည့် လူထုအခြေပြုဗဟိုဌာနနှင့် စာကြည့်တိုက် အဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုးရာသီတွင် အရိပ်ရလေကာပင်များ စိုက်ပျိုးရန် မှာကြားသည်။**



မွန်းလွဲပိုင်းတွင် အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် မြောင်းမြခရိုင်ရုံးတို့သို့ ရောက်ရှိပြီး မုန်တိုင်းကာလ အကြိုအသိပညာပေးလုပ်ငန်းများနှင့် အချိန်နှင့် တစ်ပြေးညီ သတင်းရယူပေးပို့နိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်သည် မြောင်းမြမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရွှေဝါခန်းမ၌ ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်၊ မြောင်းမြခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ မုန်တိုင်းကာလ သတိပြုကြိုတင်ကာကွယ်ရေး၊ လပွတ္တာဘက်မှ ရောက်ရှိနေသည့် မုန်တိုင်းရှောင် ပြည်သူများအား ကူညီဆောင်ရွက်ထားရှိမှုနှင့်အသိပညာပေးရေးကိစ္စများ၊ ဖြစ်ပေါ်နေသည့် အခြေအနေများကို အချိန် နှင့်တစ်ပြေးညီ သတင်းရယူပေးပို့နိုင်ရေးကိစ္စများ ဆွေးနွေးမှာကြားသည်။ **(ယာပုံ)**

ထို့နောက် အလယ်တောရကျောင်းတိုက်သို့ သွားရောက်၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အလယ်တောရ ဆရာတော် ဘဒ္ဒန္တပညာသီဟ အရှင်သူမြတ်အား ဖူးမြော်ကြည်ညိုပြီး အလယ်တောရ ကျောင်းတိုက်၌ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ဗုဒ္ဓဘာသာ အခြေခံယဉ်ကျေးလိမ္မာဆင့်ပွားသင်တန်း ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ အမျိုးဘာသာ သာသနာနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းကြရန် မှာကြားသည်။

အဆိုပါ ယဉ်ကျေးလိမ္မာဆင့်ပွားသင်တန်းကို မေ ၈ ရက်မှ ၁၂ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၂၄၀ တက်ရောက်သင်ကြားနေကြောင်း သိရသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့တို့နှင့် အတူ မြစိမ်းရောင် တောင်ပေါ်ရှိ မုန်တိုင်းရှောင်ပြည်သူများ ယာယီခိုလှုံရာစခန်းကို သွားရောက်၍ လပွတ္တာခရိုင် ပင်လယ်ကမ်းခြေဒေသများမှ ရောက်ရှိနေသည့် မုန်တိုင်းရှောင်ပြည်သူ ၉၆၀ ကို တွေ့ဆုံအားပေးစကား ပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာနက မုန်တိုင်းဘေးရှောင် ပြည်သူများအတွက် အလှူငွေကျပ် ငါးသိန်းကို လှူဒါန်းရာ မြစိမ်းရောင်တောင် မုန်တိုင်းရှောင်ပြည်သူများ ယာယီခိုလှုံရာ စခန်းတာဝန်ခံ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြောင်းမြခရိုင် ဦးစီးမှူး ဦးခင်မောင်မြင့်က လက်ခံရယူကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်နေသော “မိုခါ”ဆိုင်ကလုန်းမုန်တိုင်း ဘေးအန္တရာယ်အတွက် တိုင်းဒေသကြီး /ပြည်နယ်အသီးသီး၌ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၁၁**

ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ မီးသတ်ဦးစီးဌာနမှ မုန်တိုင်းဘေးအန္တရာယ် ကျရောက်လာပါက ကူညီကယ်ဆယ်ရေး လုပ်ငန်းများ၊ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများနှင့် အရေးပေါ်ပြုစုခြင်း၊ အရေးပေါ်ရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများကို လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး / ပြည်နယ် အသီးသီး၌ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများ၊ ရိက္ခာများ အသင့်စုဖွဲ့ထားရှိခြင်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပေးနှိုးဆော်ခြင်းနှင့် အသိပညာပေးဆောင်ရွက်စဉ်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ မိုးညှင်းမြို့နယ်၊ ပူတာအိုမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၊ ပုလောမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ မွန်ပြည်နယ် မုဒုံမြို့နယ်၊ ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်နှင့် လပွတ္တာမြို့နယ်တို့တွင် ပြည်သူများအနေဖြင့် မုန်တိုင်းဘေးအန္တရာယ် ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေး မီးသတ်တပ်ဖွဲ့ဝင်များက အသိပေးနှိုးဆော်ခြင်းများ၊ အသိပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များ၊ ခရိုင်များ၊ မြို့နယ်များရှိ မီးသတ်စခန်းအသီးသီးတွင်လည်း ကူညီကယ်ဆယ်ရေး လုပ်ငန်းများ၊ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ၊ အရေးပေါ်ပြုစုခြင်း၊ အရေးပေါ်ရွှေ့ပြောင်းပေးခြင်း လုပ်ငန်းများကို လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် အသင့်ကြိုတင်ပြင်ဆင် သရုပ်လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ကော့ကရိတ်မြို့နယ်၌ မုန်တိုင်းဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**ကော့ကရိတ် မေ ၁၁**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ မုန်တိုင်းဘေးအန္တရာယ် ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ကယ်ဆယ်ရေး ပစ္စည်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် သရုပ်ပြလေ့ကျင့်ခြင်း လုပ်ငန်းများကို မေ ၁၀ ရက် နံနက်ပိုင်းက မြို့နယ်ခန်းမရှေ့၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းဝေနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပဉ္စမအကြိမ် အာဆီယံတိုင်းရင်းဆေးဝါးနှင့် ကျန်းမာရေးဖြည့်စွက်စာဆိုင်ရာ ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ် သင်တန်းဖွင့်ပွဲကျင်းပ



နေပြည်တော် မေ ၁၁

**ပဉ္စမအကြိမ် အာဆီယံ တိုင်းရင်းဆေးဝါးနှင့် ကျန်းမာရေးဖြည့်စွက်စာဆိုင်ရာ ကောင်းမွန်သော ထုတ်လုပ်မှု ကျင့်စဉ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ် (၄) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြား ရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေး ဆရာအသင်း(ဗဟို) နှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များ အသင်းတို့မှ ဥက္ကဋ္ဌများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။**

ဦးစွာပြည်ထောင်စုဝန်ကြီးက မျက်မှောက်ကာလတွင် တိုင်းရင်း ဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးမှု အပိုင်းနှင့် တိုင်းရင်းဆေးဝါးများကို အများပြည်သူလူထု၏ မှီခို အားထားမှုသည် ပိုမိုတိုးတက် ဖြစ်ထွန်းလာနေသည်ကို မိမိတို့ မြန်မာနိုင်ငံမှသာမက ကမ္ဘာ့နိုင်ငံ များတွင်ပါ တွေ့မြင်နေကြပြီဖြစ်ပါ ကြောင်း၊ တိုင်းရင်းဆေးပညာ ဦးစီးဌာနအနေဖြင့် မြန်မာ့တိုင်းရင်း ဆေးဝါးများ အရည်အသွေး မြင့်မားလာစေရေးနှင့် အာဆီယံ ဒေသတွင်းနိုင်ငံများတွင်သာမက ကမ္ဘာ့အဆင့်မီ ရင်ပေါင်တန်း နိုင်ရေးကို ရှေးရှု၍ ကောင်းမွန် သော ထုတ်လုပ်မှုကျင့်စဉ် အပါ အဝင် လိုအပ်သော စည်းမျဉ်း စည်းကမ်းများ၊ ညွှန်ကြားချက် များ ထုတ်ပြန်ခြင်း၊ သင်တန်း များ ပို့ချခြင်းတို့ကို ပံ့ပိုးဖြည့်ဆည်း ပေးနိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်း။

တိုင်းရင်းဆေးဝါး ထုတ်လုပ် ရေးလုပ်ငန်းများသည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွား ရေးလုပ်ငန်း (MSME) အများစုဖြစ် ကြောင်း၊ အသေးစား၊ အငယ်စား နှင့် အလတ်စား စီးပွားရေး လုပ်ငန်း (MSME) များသည် နိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု (Gross Domestic Product–GDP) ကို တိုးတက်စေပြီး နိုင်ငံ တော်မှလည်း အထူးအားပေး လျက်ရှိသည့်အတွက် မိမိတို့ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေ ရေးကို အထူးကြိုးစားဆောင်ရွက် စေလိုကြောင်း။

ယခုသင်တန်းမှ ပို့ချချက် များကိုလေ့လာပြီး ရရှိသည့်အတွေ့ အကြုံများအပေါ် အခြေခံ၍ မိမိတို့ တစ်နိုင်တစ်ပိုင် တိုင်းရင်း ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်း များတွင် ကုန်ကြမ်းမှစ၍ ကုန်ချော တိုင်အောင် ဘေးဥပဒ်ကင်းရှင်းပြီး စစ်မှန်သော အရည်အသွေးကို အာမခံနိုင်သော၊ အာနိသင် ပြည့်ဝသော တိုင်းရင်းဆေးဝါးများ ကို ကောင်းမွန်သော တိုင်းရင်း ဆေးဝါးထုတ်လုပ်မှု ကျင့်စဉ်ပါ သတ်မှတ်ချက်များနှင့် အညီ ထုတ်လုပ်ပြီး ဒေသတွင်းသာမက နိုင်ငံတကာအထိ တင်ပို့နိုင်အောင် ဦးတည် ဆောင်ရွက်သွားနိုင်ကြ ပါစေဟု ဆန္ဒပြုကြောင်း ပြော ကြားသည်။

အဆိုပါသင်တန်းကို တိုင်းရင်း ဆေးပညာဦးစီးဌာနက ဦးစီးပြီး အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန၊ စက်မှုဝန်ကြီး ဌာန၊ ဆေးဝါးစက်ရုံ(အင်းစိန်) တို့ နှင့် ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ် ၈ ခုရှိ ပုဂ္ဂလိက တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်း ၃၅ ခု တို့မှ လုပ်ငန်းရှင်များ၊ တိုင်းရင်း ဆေးပညာဦးစီးဌာန (ရုံးချုပ်)၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး စက်ရုံ (မန္တလေး) နှင့် တိုင်းရင်းဆေး တက္ကသိုလ်မှ ဝန်ထမ်းများ၊ တိုင်း ဒေသကြီး/ ပြည်နယ် တိုင်းရင်း ဆေးပညာဦးစီးဌာနမှူးများ အပါ အဝင် စုစုပေါင်း သင်တန်းသား ၅၁ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၁၁ ရက် မှ ၁၆ ရက်အထိ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် စပ်မျိုးနေကြာ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် မျိုးရွေးချယ်ခြင်း သရုပ်ပြပွဲနှင့် သဘာဝဘေးအတွက်ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့ နယ် ဘဲကုန်းကျေးရွာ စံပြစိုက်ကွင်း၌ စပ်မျိုးနေကြာ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် မျိုးရွေးချယ်ခြင်း သရုပ်ပြပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နေပြည် တော်အတွင်းရှိ တောင်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာ စကားပြောကြားပြီး ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်က နေပြည်တော်အတွင်း စိုက်ပျိုးရေး လုပ်ငန်းများ အထွက်နှုန်းမြင့်မားရေး၊ မျိုးကောင်း မျိုးသန့်များရရှိရေး၊ နည်းပညာများနှင့် အသိပညာ ပေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့ ပေါင်းလောင်း (၂) ရပ်ကွက်ရှိ မေတ္တာကန်အတွင်း



သဲနုန်းများတူးဖော်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နေပြည်တော် မီးသတ်ဦးစီးဌာန ဗဟိုမီးသတ်စခန်း၌ မုန်တိုင်းဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေ များကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက မီးသတ် ဦးစီးဌာနအနေဖြင့် ကူညီရှာဖွေ ကယ်ဆယ်ရေး လုပ်ငန်းများ၊ အရေးပေါ် ရင်ဆိုင်တုံ့ပြန်ခြင်း လုပ်ငန်းများကို အသင့်ကြိုတင်ပြင်ဆင် ဇာတ်တိုက် လေ့ကျင့်မှုများ ဆောင်ရွက်စေလိုကြောင်း ပြောကြား ပြီး သန္နှေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ ဝင်များနှင့် ပရဟိတအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်၍ ခင်းကျင်းပြသထားသည့် ရှာဖွေ ကယ်ဆယ်ရေးပစ္စည်းများအား လှည့်လည်ကြည့်ရှု စစ်ဆေးကာ (**အပေါ်ပုံ**) သန္နှေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ သည် နေပြည်တော်မီးသတ်ဦးစီးဌာန အစည်းအဝေး ခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ မီးသတ်ဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးမြတ်သူက သဘာဝဘေး ဖြစ်ပေါ်လာပါက စုဖွဲ့ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ကြိုတင် ဇာတ်တိုက်ထားရှိမှု၊ ရင်ဆိုင်တုံ့ပြန်နိုင်မှုနှင့် ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အခြေ အနေများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က သဘာဝဘေး မဖြစ်မီ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၊ သဘာဝ ဘေးဖြစ်ပွားပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေ၊ ပြန်လည်ထူထောင် ရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြ ကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည် များကို ဖြည့်စွက်ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ သည် ပျဉ်းမနားမြို့နယ်ရှိ Myanmar Agribusiness Public Corporation (MAPCO)Ltd သို့သွားရောက်ပြီး ဆန်စက်လုပ်ငန်းရှင်များ၊ ဆီစက်လုပ်ငန်းရှင်များ နှင့်တွေ့ဆုံ၍ ဆန်စက်လုပ်ငန်းရှင်များက အရန် ဆန်များ စုဆောင်းထားရှိမှု အခြေအနေနှင့် ဆီစက် လုပ်ငန်းရှင်များက အရန်ဆီများစုဆောင်းထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြကြရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက် ပြောကြားပြီး စက်ရုံအတွင်း သဘာဝဘေးအတွက် အရန်ဆန်များ စုဆောင်းထားရှိမှု အခြေအနေ များကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် မေ ၁၁**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည် နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းနေပြီး အဆိုပါ မိုးတိမ်တောင် များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ် ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ် ပါသည်။

**မိုး/ဇလ**

## တံတားဦးမြို့ ဂျီအီးစီ (ပညာရေး) သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်စည်းဝေး

**တံတားဦး မေ ၁၁**

တံတားဦးမြို့နယ် ဂျီအီးစီ (ပညာရေး) သမဝါယမအသင်း လီမိတက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ် ဆိုင်ရာ အစည်းအဝေးနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၁၀ ရက်က တံတားဦးမြို့ အခြေခံပညာ အထက်တန်းကျောင်း ရတနာထွန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဂျီအီးစီ (ပညာရေး) သမဝါယမ အသင်း လီမိတက်သဘာပတိ ဦးညွန့်ဝေက အမှာစကားပြော ကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကျော် ကျော်နောင်က အသင်း၏ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက် ရမည့်လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့ဝင် ဦးရဲမောင်က ဘဏ္ဍာ ရေး အစီရင်ခံစာများကို ဖတ်ကြားရှင်းလင်းပြီး ဒါရိုက်တာ အဖွဲ့ဝင်များက တင်သွင်းသော ဘဏ္ဍာရေးအစီရင်ခံစာများကို အတည်ပြုချက်ရယူသည်။ ထို့နောက် တံတားဦးမြို့နယ် ဂျီအီးစီ (ပညာရေး) လီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူ ရှစ်ဦးအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

# ဆီးဂိမ်းပြိုင်ပွဲ ပိုက်ကျော်ခြင်းအားကစားနည်းမှ ရွှေတံဆိပ် နှစ်ခု၊ ဘိလိယက်အားကစားနည်းမှ ရွှေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိ




**နေပြည်တော် မေ ၁၁**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် မြန်မာအားကစားအဖွဲ့ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့်အတူ ယမန်နေ့ဒေသစံတော်ချိန် နံနက်(၈)နာရီခွဲတွင် ၂၀၂၃ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများကို လိုက်လံကြည့်ရှုအားပေးသည်။

ဖနောင်ပင်မြို့ရှိ Basketball Hall NSTC ၌ ကျင်းပလျက်ရှိသည့် ပိုက်ကျော်ခြင်းအားကစားနည်း (အမျိုးသား) ကွင်းသွင်း ခြင်းခတ်ပြိုင်ပွဲတွင် (မြန်မာ၊ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်)နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ မောင်သန်းဇော်ဦး၊ မောင်သိန်းဇော်မင်း၊ မောင်အောင်ဇော်၊ မောင်အောင်ကျော်မိုး၊ မောင်ကျော်ဇေယျာဝင်း၊ မောင်ဇင်ကိုကို တို့အတွဲက ရမှတ် ၆၈၀ ဖြင့် ပထမ (ရွှေတံဆိပ်ဆု) ကိုလည်းကောင်း၊ ဒုတိယ (ငွေတံဆိပ်ဆု)ကို ဖိလစ်ပိုင်နိုင်ငံကလည်းကောင်း၊ တတိယ (ကြေးတံဆိပ်ဆု) ကို ကမ္ဘောဒီးယားနိုင်ငံက လည်းကောင်း၊ ပိုက်ကျော်ခြင်းအားကစားနည်း (အမျိုးသမီး) ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ၌ (မြန်မာ၊ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်)နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ မကြူကြူသင်း၊ မနိုင်နိုင်ဝင်း၊ မနွယ်နွယ်ထွေး၊ မဖြူဖြူသန်း၊ မဆုတင်ဇာနိုင်၊ မခင်နှင်းဝေတို့အတွဲက ရမှတ် ၇၅၀ ဖြင့် ပထမ (ရွှေတံဆိပ်ဆု)ကို လည်းကောင်း၊ ဒုတိယ (ငွေတံဆိပ်ဆု)ကို ဖိလစ်ပိုင်နိုင်ငံကလည်းကောင်း၊ တတိယ (ကြေးတံဆိပ်ဆု) ကို ကမ္ဘောဒီးယားနိုင်ငံကလည်းကောင်း ရရှိခဲ့ကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Aeon Hall, Aeon Mall Sen Sok ၌ ကျင်းပလျက်ရှိသည့် ဘိလိယက်အားကစားနည်း (အမျိုးသားတစ်ဦးချင်း- 9 ball Pool)ပြိုင်ပွဲ၌ (မြန်မာ၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှားနှင့် ဘရူနိုင်း) နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာမှ မောင်မောင်(ခ) မောင်ဘုန်းမြင့်ကျော်က ပထမ(ရွှေတံဆိပ်ဆု)ကို လည်းကောင်း၊ ဒုတိယ (ငွေတံဆိပ်ဆု) ကို စင်ကာပူနိုင်ငံလည်းကောင်း၊ တတိယ(ကြေးတံဆိပ်ဆု)ကို ဗီယက်နမ်နိုင်ငံကလည်းကောင်း ရရှိခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Chroy Changvar Convention Centre, Hall (A)၌ ကျင်းပလျက်ရှိသည့် ဝူရှူးအားကစားပြိုင်ပွဲ ပွဲစဉ်များကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ဝူရှူး(သွေ့လျန် (အမျိုးသမီး)-အတွဲအတိုက်) ပြိုင်ပွဲ၌ (ကမ္ဘောဒီးယား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှား) နိုင်ငံတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ မြန်မာမှ မစန္ဒီဦးနှင့် မအေးသစ္စာမြင့်တို့အတွဲက ရမှတ်၉ ဒသမ ၄၀၃ မှတ်ဖြင့် ဒုတိယ(ငွေတံဆိပ်ဆု)၊ ဝူရှူး နန်းချွမ် (အမျိုးသမီး-တောင်ပိုင်းလက်သိုင်း) ပြိုင်ပွဲ၌ ( အင်ဒိုနီးရှား၊ မလေးရှား၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် မြန်မာ) နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မြန်မာမှ မအေးသစ္စာမြင့်က ရမှတ် ၉ ဒသမ ၁၄၃ ဖြင့် တတိယ (ကြေးတံဆိပ်ဆု) များ ရရှိခဲ့ကြသည်။

**ထပ်မံဆွတ်ခူးရရှိ**

အလားတူ ဖနောင်ပင်မြို့ရှိ Morodok Elephant Hall 1 ၌ ခွန်ခမာအားကစားနည်း (အမျိုးသမီး-၄၈ ကီလို) ပြိုင်ပွဲတွင် မမေသဇင်ထူးက ဒုတိယ (ငွေတံဆိပ်ဆု)နှင့် (အမျိုးသား-၅၄ကီလို) ပြိုင်ပွဲတွင် မောင်ဟိန်းသူအောင်က တတိယ(ကြေးတံဆိပ်ဆု) ကိုလည်းကောင်း၊ Morodok Techo Badminton Hall ၌ ကြက်တောင်အားကစားနည်း (အသင်းလိုက်-အမျိုးသား+ အမျိုးသမီး) ပြိုင်ပွဲတွင် မြန်မာမှ မောင်ဟိန်းထွဋ်၊ မောင်အောင်မျိုးထူး၊ မောင်အာကာဘုန်းမြတ်၊ မောင်ဇော်လင်းထူး၊ မသက်ထားသူဇာ၊ မတွယ်တာဦး၊ မဇွန်မျိုးသက်တို့အတွဲက ဒုတိယ (ငွေတံဆိပ်ဆု)ကိုလည်းကောင်း၊ AZ Group Cricket Oval, Hun Sen Boulevard ၌ ခရစ်ကက်အားကစားနည်း (Six a Side) ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းမှ ရမှတ် ၂၄ မှတ်ဖြင့် တတိယ (ကြေးတံဆိပ်ဆု) ကိုလည်းကောင်း ထပ်မံဆွတ်ခူးရရှိခဲ့ကြသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် Smart RSN Stadium ၌ ကျင်းပလျက်ရှိသည့် ဘောလုံး(အမျိုးသား)ပြိုင်ပွဲကို သွားရောက်ကြည့်ရှုအားပေးခဲ့ရာ မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

မေ ၁၀ ရက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပီတန်း၊ ဝူရှူး၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ တင်းနစ်၊ ဘိလိယက်၊ လက်ဝှေ့၊ ခွန်ခမာ၊ ဘော်လီဘော၊ ဘောလုံး၊ ပြေးခုန်ပစ်နှင့် ခရစ်ကက် အားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ရာ ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် သုံးခု ထပ်မံရရှိခဲ့ကြသည်။

မေ ၁၁ ရက် ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဝူရှူး၊ E-Sports၊ ဘော်လီဘော၊ ခွန်ခမာ၊ ခရစ်ကက်၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်နှင့် ဘိလိယက် အားကစားနည်းများတွင် မြန်မာနိုင်ငံမှ ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ယနေ့အထိ မြန်မာနိုင်ငံမှ ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၁ ခုနှင့် ကြေးတံဆိပ် ၃၁ ခု စုစုပေါင်း ဆုတံဆိပ် ၅၆ ခု ဆွတ်ခူးရရှိထားပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ တက်ရောက်ရန် ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် မြန်မာအားကစားအဖွဲ့ ထွက်ခွာ




**ရန်ကုန် မေ ၁၁**

ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပသည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဖိတ်ကြားခံပုဂ္ဂိုလ်အဖြစ် တက်ရောက်မည့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် မြန်မာအားကစားအဖွဲ့နှင့်အတူ ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် မြန်မာအမျိုးသားလေကြောင်းလိုင်း (စင်းလုံးငှားလေယာဉ်) ဖြင့် ရန်ကုန်မြို့မှထွက်ခွာရာ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်ပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လိုက်လံပို့ဆောင် နှုတ်ဆက်ကြသည်။

အဆိုပါ အားကစားအဖွဲ့များတွင် ဖိတ်ကြားခံပုဂ္ဂိုလ် တစ်ဦး၊ အုပ်ချုပ်မှုအဖွဲ့ တစ်ဦး၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အုပ်ချုပ်မှုအဖွဲ့ နှစ်ဦး၊ ဂျူဒိုအားကစားနည်းမှ အုပ်ချုပ်/ နည်းပြ ငါးဦး၊ အမျိုးသားအားကစားသမား ခြောက်ဦး၊ အမျိုးသမီးအားကစားသမား ခုနစ်ဦး၊အလေးမအားကစားနည်းမှ အုပ်ချုပ်/နည်းပြ နှစ်ဦး၊ အမျိုးသား အားကစားသမား နှစ်ဦး၊ အမျိုး သမီးအားကစားသမား နှစ်ဦး၊ ဗိုဗီနမ် (အားနစ်) အားကစားနည်းမှ အုပ်ချုပ်/နည်းပြ ငါးဦး၊ အမျိုးသား အားကစားသမား ရှစ်ဦး၊ အမျိုးသမီး အားကစားသမား ခြောက်ဦးတို့ လိုက်ပါသွားကြောင်း သိရသည်။

**သတင်းစဉ်**

# ဆီးဂိမ်း ဝူရှူးပြိုင်ပွဲ ဒုတိယနေ့တွင် စန္ဒီဦး ငွေတံဆိပ် ဆွတ်ခူး

**ရန်ကုန် မေ ၁၁**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပနေသည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်း ဝူရှူးပြိုင်ပွဲ ဒုတိယနေ့ကို မေ ၁၁ ရက်က ဆက်လက်ကျင်းပရာ မြန်မာဝူရှူးအဖွဲ့ ငွေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိသည်။

မြန်မာ ဝူရှူးအဖွဲ့အတွက် ငွေတံဆိပ်ဆုကို အမျိုးသမီး ကျန့်စု (နှစ်ဖက်သွားဓား) နှင့် ချန်းစု (လှံရှည်) ပြိုင်ပွဲနှစ်ခုပေါင်းတွင် ရမှတ်စုစုပေါင်း ၁၉ ဒသမ ၈၈၆၀ မှတ်ဖြင့် ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ရွှေတံဆိပ်ဆုကို ဗီယက်နမ်ကစားသမား သွေ့ဗီဒေါင်က ၁၉ ဒသမ ၂၂၉၀ မှတ်၊ ကြေးတံဆိပ်ဆုကို မလေးရှားကစားသမား ပန်ပူရီက ၁၈ ဒသမ ၂၄၆၀ မှတ်ဖြင့် ရရှိခဲ့သည်။ ယင်းပြိုင်ပွဲကို နှစ်ရက်ကျင်းပခြင်းဖြစ်ပြီး မေ ၁၀ နှင့် ၁၁ ရက်တို့တွင် ယှဉ်ပြိုင်ရကာ ပြိုင်ပွဲနှစ်ခုပေါင်း ရမှတ်ကို တွဲချက်၍ ဆုတံဆိပ် ချီးမြှင့်ခြင်းဖြစ်သည်။

မြန်မာဝူရှူးအဖွဲ့သည် မေ ၁၁ ရက် ပွဲစဉ်များအပြီးတွင် ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်တစ်ခု ရရှိထားသည်။ ဝူရှူးပြိုင်ပွဲ နောက်ဆုံးနေ့ကို မေ ၁၂ ရက် **(ယနေ့)** ဆက်လက် ကျင်းပမည် ဖြစ်သည်။

**ညီမြတ်သော်တာ**

# ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် အင်ဒိုနီးရှားနှင့် ဗီယက်နမ်၊ ထိုင်းနှင့် မြန်မာ တွေ့ဆုံ

**ရန်ကုန် မေ ၁၁**

ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပလျက်ရှိသည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသား ဘောလုံးပြိုင်ပွဲ အုပ်စု (ခ) နောက်ဆုံးနေ့ကို မေ ၁၁ ရက်က ဆက်လက်ကျင်းပခဲ့ပြီး ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရသည့်အသင်းများ စုံလင်စွာ ထွက်ပေါ်လာပြီဖြစ်သည်။

အုပ်စု (ခ) နောက်ဆုံးနေ့တွင် မလေးရှားအသင်းက စင်ကာပူအသင်းကို ခုနစ်ဂိုးပြတ်အနိုင်ရပြီး ထိုင်းနှင့် ဗီယက်နမ်အသင်း တစ်ဂိုးစီသရေကျခဲ့သည်။ အုပ်စု (ခ) တွင် ဆီမီးဖိုင်နယ် တက်ရောက်မည့် နှစ်သင်းမှာ စတုတ္ထနေ့ပွဲပြီးကတည်းက ထွက်ပေါ်ခဲ့ပြီး ထိုင်းနှင့် ဗီယက်နမ်အသင်းမှာ အုပ်စု ပထမနေရာအတွက် ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ တစ်ဂိုးစီသရေကျခဲ့သဖြင့် နှစ်သင်းစလုံး သုံးပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရမှတ် ၁၀ မှတ်စီ တူညီနေသော်လည်း ဂိုးကွာခြားချက်ဖြင့် ထိုင်းအသင်းက အုပ်စု ပထမ၊ ဗီယက်နမ်အသင်းက အုပ်စုဒုတိယနေရာရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။ အုပ်စု (က)ပွဲစဉ်များမှာ မေ ၁၀ ရက်က ပြီးဆုံးခဲ့ပြီး ဆီမီးဖိုင်နယ်တွင် တွေ့ဆုံမည့် အသင်းများထွက်ပေါ်လာပြီဖြစ်ကာ မြန်မာအသင်းသည်နာမည်ကြီး ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၁၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်အတူ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားသမားများပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၁၁**

မေ ၅ ရက်မှ ၁၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာအားကစားအဖွဲ့သည် ယနေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့သို့ မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုးများ၊ မိဘပြည်သူများက အိုးစည်၊ ဒိုးပတ်များ၊ ပန်းစည်းများဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ **(ယာပုံ)**

ပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစားအဖွဲ့တွင် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဖိတ်ကြားခံပုဂ္ဂိုလ်အဖြစ် တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်အတူ မြန်မာအားကစားအဖွဲ့ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် အုပ်ချုပ်မှုအဖွဲ့ ၁၆ ဦး၊ ရွှေတံဆိပ် လေးဆု၊ ငွေတံဆိပ် သုံးဆု၊ ကြေးတံဆိပ် ၁၇ ဆု ရရှိသည့် ဗိုဗီနမ်အားကစားအဖွဲ့၊ ရွှေတံဆိပ် လေးဆု၊ ငွေတံဆိပ် သုံးဆု၊ ကြေးတံဆိပ် တစ်ဆု ရရှိသည့် ခြင်းလုံး အားကစားအဖွဲ့၊ ရွှေတံဆိပ် တစ်ဆု၊ ငွေတံဆိပ် နှစ်ဆု၊ ကြေးတံဆိပ် ခြောက်ဆုရရှိသည့် ဗိုဗီနမ်(ဘိုကာတာ) အားကစားအဖွဲ့၊ ရွှေတံဆိပ် တစ်ဆုရရှိသည့် ပီတန်းအားကစားအဖွဲ့၊ ငွေတံဆိပ် တစ်ဆု၊ ကြေးတံဆိပ် တစ်ဆုရရှိသည့် ရိုးရာလက်ဝှေ့ အားကစားအဖွဲ့၊ ကြေးတံဆိပ် နှစ်ဆုရရှိသည့် စစ်တုရင် အားကစားအဖွဲ့ ၊ ပြေးခုန်ပစ်အားကစားအဖွဲ့၊ ဘော်လီဘော အမျိုးသားအသင်း၊ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ လက်ဝှေ့တို့မှ နည်းပြများ၊ အုပ်ချုပ်သူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ စုစုပေါင်း ၁၅၈ ဦးတို့ ပြန်လည်လိုက်ပါလာကြသည်။

ယနေ့ ပြန်လည်လိုက်ပါလာသော မြန်မာအားကစားအဖွဲ့ ရွှေတံဆိပ်ဆုရှင်များမှာ ဗိုဗီနမ်အမျိုးသမီး နှစ်ယောက်တွဲ အပြမှ ခိုင်ဝါဖူးနှင့် မေဟန်နီအောင်လွင်၊ အမျိုးသား လေးယောက်တွဲ အပြမှ အောင်ခိုင်လင်း၊ ဟိန်းထက်အောင်၊ ကျော်သူစိုးအောင်၊ ရာဇာထွန်း၊ အမျိုးသား နှစ်ယောက်တွဲ အပြမှ မနားကွီးနှင့် တင်ထူးဇော်၊ အမျိုးသားဓားတစ်လက် အပြမှ အိုက်စိုးလင်း၊ ဗိုဗီနမ် (ခွန်ဘိုကာတာ) ၁+၂ အတွဲအတိုက်မှ ပိုင်ဇေယျာဖြိုး၊ အံ့ဖွယ်ငြိမ်း၊ နီလာစိုးဦး၊ ခြင်းလုံး အားကစားနည်း အမျိုးသမီး Same Stroke ပြိုင်ပွဲမှ အေးအေးသန့်၊ စုတွယ်တာ၊ မေဖြိုးစံ၊ သဲသဲ၊ တင်နီလာဝင်း၊ ယဉ်မင်းသွယ်၊ ခိုင်သဇင်ဖြိုး၊ ခိုင်ခိုင်၊ အမျိုးသား/အမျိုးသမီး Linking Event -3 မှ လဲ့ဝတီဇော်၊ အောင်မြင့်မြတ်၊ နှင်းဝတ်ရည်ဗိုလ်၊ အောင်နိုင်ဖြိုးဟန်၊ ရွှန်းလဲ့ဝေ၊ သော်ဝေဇင်၊ ငြိမ်းအိမွန်၊ စိုင်းဇော်ဇော်၊ အမျိုးသား Event -4 မှ လင်းသစ္စာအောင်၊ ခန့်ဝင်းဟိန်း၊ ဝေယံဖြိုး၊ ရဝေအောင်၊ ဇော်လင်းမောင်၊ ကောင်းမြတ်သီဟ၊ မင်းခန့်ဝင်း၊ ဓူဝံကျော်၊ အမျိုးသမီး Event -4 မှ အေးအေးသန့်၊ မေဖူးဟန်၊ သဲသဲ၊ ယဉ်မင်းသွယ်၊ စုတွယ်တာ၊ ခိုင်ခိုင်၊ တင်နီလာဝင်း၊ မှုံနံ့သာ၊ ပီတန်းအားကစား Women Single Shooting မှ ခင်ချယ်ရီသက်တို့ဖြစ်ကြသည်။



မြန်မာအားကစားအဖွဲ့သည် မေ ၁၁ ရက် နံနက်ပိုင်းအထိ ရွှေတံဆိပ် ၁၄ ဆု၊ ငွေတံဆိပ် ၁၃ ဆု၊ ကြေးတံဆိပ် ၃၇ ဆု စုစုပေါင်း ဆုတံဆိပ် ၆၄ ခု ရရှိနေပြီဖြစ်သည့်အတွက် ယခင်နှစ် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရရှိသည့် ရွှေတံဆိပ် ကိုးဆု၊ ငွေတံဆိပ် ၁၈ ဆု၊ ကြေးတံဆိပ် ၃၅ ဆု စုစုပေါင်းဆုတံဆိပ် ၆၂ ခုထက် သာလွန်နေပြီဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံတွင် ကျန်ရှိနေသည့် မြန်မာအားကစားအဖွဲ့များ ဆက်လက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ
## နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု ၁၁ - ၅ - ၂၀၂၂

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ဗီယက်နမ် | ၅၈ | ၅၇ | ၇၁ | ၁၈၆ |
| ၂ | ကမ္ဘောဒီးယား | ၅၆ | ၄၄ | ၅၅ | ၁၅၅ |
| ၃ | ထိုင်း | ၅၄ | ၃၉ | ၅၈ | ၁၅၁ |
| ၄ | အင်ဒိုနီးရှား | ၄၄ | ၃၄ | ၅၉ | ၁၃၇ |
| ၅ | စင်ကာပူ | ၃၅ | ၂၇ | ၃၃ | ၉၅ |
| ၆ | ဖိလစ်ပိုင် | ၂၇ | ၅၁ | ၆၆ | ၁၄၄ |
| ၇ | မလေးရှား | ၂၅ | ၃၂ | ၅၀ | ၁၀၇ |
| ၈ | မြန်မာ | ၁၄ | ၁၃ | ၃၈ | ၆၅ |
| ၉ | လာအို | ၆ | ၁၄ | ၃၉ | ၅၉ |
| ၁၀ | ဘရူနိုင်း | ၁ | ၁ | ၄ | ၆ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၂ | ၂ |

ကျော်လင်း-စုစည်းသည်

❖ *ကျောဖုံးမှ*

အဆိုပါ အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် ထိုင်းအမျိုးသမီးဘောလုံးအသင်းတို့သည် မေလ ၁၂ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ထိုသို့ ယှဉ်ပြိုင်ကစားကြပုံများကို MRTV HD Channel၊ MRTV Sports Channel၊ MRTV Parliament Channel၊ MRTV Farmers' Channel နှင့် မြန်မာ့အသံရေဒီယိုတို့က တိုက်ရိုက် Live ထုတ်လွှင့်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

## ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲအဖြစ် မြန်မာနှင့်ထိုင်း ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် မေ ၁၁**

(၃၂) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသမီး ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားမည့် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို မေ ၁၁ ရက်က Hotel Pheom Phen တွင် ကျင်းပရာ မြန်မာနှင့် ထိုင်းအသင်းတို့မှ နည်းပြချုပ်နှင့် အသင်းခေါင်းဆောင်များ တက်ရောက်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ် ယုကီက "အုပ်စုအဆင့်မှာ ပြိုင်ဘက်ကောင်းတွေနဲ့ ယှဉ်ပြိုင်လာရပြီး အခုလိုနောက်တစ်ဆင့် တက်ရောက်လာခဲ့တာပါ။ ထိုင်းက တော်င့်တင်းတဲ့ အသင်းကောင်း တစ်သင်းဖြစ်ပြီး အင်အားကြီးပါတယ်။ ပြိုင်ဘက်ကို လေးလေးစားစားနဲ့ ယှဉ်ပြိုင်သွားမှာဖြစ်ပြီး အကောင်းဆုံးပြင်ဆင်သွားပါမယ်" ဟု ပြောကြားသည်။ ထိုင်းလက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ် နာရှူဖွန်က "ထိုင်းအသင်းအနေနဲ့ အုပ်စုအဆင့်ကို အကောင်းဆုံး ကျော်ဖြတ်နိုင်ခဲ့ပြီး ဆီမီးဖိုင်နယ်မှာ မြန်မာအသင်းနဲ့ တွေ့ရမှာပါ။ အခုပြိုင်ပွဲမှာတော့ ဂျပန်လူမျိုးနည်းပြချုပ် အသစ်နဲ့ လာပြိုင်တာကို တွေ့ရပါတယ်" ဟု ပြောကြားခဲ့သည်။



ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၁၂ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် တစ်ချိန်တည်းကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် ထိုင်းအသင်း၊ လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းနှင့် အိမ်ရှင် ကမ္ဘောဒီးယားအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ - MFF**

## မြန်မာ့ရိုးရာလက်ဝှေ့ကျော် ထွန်းထွန်းမင်း ငွေတံဆိပ်ဆုဖြင့် ကျေနပ်ခဲ့ရ

**ရန်ကုန် မေ ၁၁**

ဆီးဂိမ်း Kun Khmer ပြိုင်ပွဲကို မေ ၆ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့ပြီး မြန်မာ Kun Khmer အဖွဲ့ ပြိုင်ပွဲအပြီးတွင် ငွေနှစ်ခု ကြေးခုနစ်ခု ဆွတ်ခူးရရှိခဲ့သည်။

မေ ၁၁ ရက်ကကျင်းပသည့် ပြိုင်ပွဲနောက်ဆုံးနေ့တွင် မြန်မာ Kun Khmer အဖွဲ့သည် ဗိုလ်လုပွဲတစ်ပွဲ ယှဉ်ပြိုင်ရသော်လည်း မြန်မာ့ရိုးရာလက်ဝှေ့ကျော် ထွန်းထွန်းမင်းသည် ငွေတံဆိပ်ဆုဖြင့် ကျေနပ်ခဲ့ရသည်။ အမျိုးသား ၈၁ ကီလိုတန်း ဗိုလ်လုပွဲတွင် ထွန်းထွန်းမင်းနှင့် အိမ်ရှင် ကမ္ဘောဒီးယားကစားသမား ဆမ်မန်ရမ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရာ ဆမ်မန်ရမ်က ၃၀-၂၇ မှတ်ဖြင့် အနိုင်ရကာ ရွှေတံဆိပ်ရခဲ့ပြီး ထွန်းထွန်းမင်းမှာမူ ငွေတံဆိပ်ဆုဖြင့် ကျေနပ်ခဲ့ရသည်။ ပြိုင်ပွဲအပြီးတွင် မြန်မာ Kun Khmer အဖွဲ့သည် ငွေတံဆိပ်ဆုများကို အမျိုးသား ၈၁ ကီလိုတန်းတွင် ထွန်းထွန်းမင်း၊ အမျိုးသမီး ၄၈ ကီလိုတန်းတွင် မေသဇင်ထူး၊ ကြေးတံဆိပ်ဆုများကို အမျိုးသား ၅၄ ကီလိုတန်းတွင် ဟိန်းသူအောင်၊ အမျိုးသား ၅၇ ကီလိုတန်းတွင် စောအတစ်၊ အမျိုးသား ၆၃ ဒသမ ၅ ကီလိုတန်းတွင် စောလှဝင်းစိုး၊ အမျိုးသား ၇၁ ကီလိုတန်းတွင် နိုင်ရဲလင်း၊ အမျိုးသား ၇၅ ကီလိုတန်းတွင် ကျော်လင်းထက်၊ အမျိုးသမီး ၅၁ ကီလိုတန်းတွင် မာရီနာ၊ အမျိုးသမီး ၅၇ ကီလိုတန်းတွင် ဥမ္မာစိုးတို့က ရရှိခဲ့သည်။

ဆီးဂိမ်း Kun Khmer ပြိုင်ပွဲတွင် ကီလိုတန်း ၁၉ တန်း ထည့်သွင်းကျင်းပပြီး မြန်မာအသင်းက ငွေနှစ်ခု၊ ကြေးခုနစ်ခု ရရှိခဲ့သည်။

**ရဲရင့်လွင်**

## ပြေးခုန်ပစ် မီတာ ၁၀၀၀၀ ပြိုင်ပွဲတွင် မြန်မာ ကြေးတံဆိပ်တစ်ခု ရရှိ

**ရန်ကုန် မေ ၁၁ -** (၃၂) ကြိမ်မြောက် ဆီးဂိမ်း ပြေးခုန်ပစ်ပြိုင်ပွဲကို မေ ၁၁ ရက်က ဆက်လက်ကျင်းပရာ မြန်မာပြေးခုန်ပစ်အဖွဲ့ ကြေးတံဆိပ်တစ်ခု ထပ်မံရရှိခဲ့သည်။

မြန်မာပြေးခုန်ပစ်အဖွဲ့အတွက် ကြေးတံဆိပ်ဆုကို အမျိုးသား မီတာ ၁၀၀၀၀ ပြိုင်ပွဲတွင် သန်းထိုက်စိုးက ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အင်ဒိုနီးရှားကစားသမား ရီကီက ၃၁ မိနစ် ၀၈ ဒသမ ၈၅၀ စက္ကန့်ဖြင့် ရွှေတံဆိပ်၊ စင်ကာပူကစားသမား ရှုအီယန်းက ၃၁ မိနစ် ၁၀ ဒသမ ၇၀၀ စက္ကန့်ဖြင့် ငွေတံဆိပ်၊ သန်းထိုက်စိုးက ၃၁ မိနစ် ၂၅ ဒသမ ၅၅၀ စက္ကန့်ဖြင့် ကြေးတံဆိပ် ရရှိခဲ့သည်။

မြန်မာပြေးခုန်ပစ်အဖွဲ့သည် မေ ၁၁ ရက် ပွဲစဉ်များအပြီးထိ ကြေးတံဆိပ်နှစ်ခု ရရှိထားသည်။

**ရဲရင့်လွင်**

# ကျောက်ကြီးမြို့နယ်၌ အကြမ်းဖက်မှုကို လိုလားသည့် သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျောက်ကြီး - နတ်သံကွင်းကားလမ်းရှိ သံပေါင်သစ်သားခင်း တံတားတစ်စင်းအား မီးရှို့ဖျက်ဆီး

**နေပြည်တော် မေ ၁၁**

ဒေသအတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူမြန်ဆန်စေရေးအတွက် အခြေခံအဆောက်အအုံဖြစ်သည့် လမ်း/တံတားများ ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မလိုလားသူ အကြမ်းဖက်မှုကို လိုလားသည့် လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက လမ်း/ တံတားများအား လက်လုပ်မိုင်း၊ လက်လုပ်ဗုံးများဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်း စသည့် အဖျက်အမှောင့် လုပ်ရပ်များကို ဆင်ခြင်တုံတရား နည်းပါးစွာဖြင့် ကျူးလွန်ပြုလုပ်လျက်ရှိသည်။

ထိုသို့အဖျက်အမှောင့် လုပ်ရပ်များ ပြုလုပ်လျက်ရှိရာ မေ ၁၀ ရက် နံနက် ၇ နာရီတွင် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် နောင်ကုန်းကျေးရွာအနီး ကျောက်ကြီး-နတ်သံကွင်း ကားလမ်း မိုင်တိုင်အမှတ် ၁၁ မိုင် ၁ ဖာလုံရှိ သံပေါင်သစ်သားခင်း၊ တံတားအမှတ် (၁/၁၂)၊ စစ်ပင်တံတားအား အကြမ်းဖက်မှုကို လိုလားသည့် သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးသွားခဲ့သဖြင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍မရကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ပျက်စီးသွားသည့် တံတားအား ပြန်လည်ပြုပြင်နိုင်ရေး တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်းနှင့် အများပြည်သူ ဖြတ်သန်းသွားလာအသုံးပြုလျက်ရှိသည့် တံတားအား မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် ကျောက်ကြီး- နတ်သံကွင်းကားလမ်းရှိ သံပေါင်သစ်သားခင်း တံတားအား တွေ့ရစဉ်။

# မြိုင်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက မြို့ပေါ်ရပ်ကွက်များအတွင်းသို့ လက်လုပ်ရှော့တိုက်ဒုံးများဖြင့် ဆင်ခြင်တုံတရားမဲ့စွာ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် နိုင်ငံ့ဝန်ထမ်း တစ်ဦးနှင့် ကလေးငယ် တစ်ဦး သေဆုံး

**နေပြည်တော် မေ ၁၁**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက မြို့ပေါ်ရပ်ကွက်များအတွင်းသို့ လက်လုပ်ရှော့တိုက်ဒုံးများဖြင့် ဆင်ခြင်တုံတရားမဲ့စွာ ပစ်ခတ် တိုက်ခိုက်ခဲ့မှုကြောင့် နိုင်ငံ့ဝန်ထမ်းတစ်ဦးနှင့် ကလေးငယ်တစ်ဦး သေဆုံးကာ နှစ်လသားအရွယ် ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ပြီး နေအိမ်တစ်လုံးနှင့် စာသင်ကျောင်းတို့ ပျက်စီးဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်မှာ မေ ၁၀ ရက် ည ၉ နာရီတွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်များက ကံကြီးကျေးရွာဘက်မှနေ၍ လက်လုပ်ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ မြိုင်မြို့ပေါ်ရှိ အမှတ်(၃) ရပ်ကွက်နေ ဦးညိုသင်း (၅၆)နှစ် (ဘ)ဦးမောင်ကြည်၏ နေအိမ်နှင့် အမှတ် (၁)ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းများပေါ်သို့ လက်လုပ်ရှော့တိုက် ဒုံးသီးများ ကျရောက် ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ဦးညိုသင်း၏ နေအိမ်အတွင်းရှိနေသည့် ၎င်း၏ ညီမဖြစ်သူ မကျီးကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်အိမာမြင့် (၃၀)နှစ်နှင့် သားဖြစ်သူ မောင်ကျော်စံလင်း ခုနစ်နှစ်တို့တွင် ထိခိုက်ဒဏ်ရာများရရှိ၍ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကာ သားငယ်ဖြစ်သူ မောင်ဇော်ဝေယံဦး နှစ်လ (ဘ)ဦးရဲကိုတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ပြီး အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းဝင်းအတွင်းရှိ စာသင်ဆောင် ပြတင်းပေါက်မှန် ၅၂ ချပ်နှင့် မျက်နှာကြက် ၄၅ ချပ်တို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ဒဏ်ရာရရှိသူ ကလေးငယ်တစ်ဦးအား ဆေးကုသနိုင်ရေး မြိုင်မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်းနှင့် အပြစ်မဲ့ အရပ်သားပြည်သူများနေထိုင်ရာ ရပ်ကွက်အတွင်းသို့ လက်လုပ်ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက် သမားများအား ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



(ဝဲမှယာ) ဒေါ်အိမာမြင့်၊ မောင်ကျော်စံလင်း (သေဆုံး)၊ မောင်ဇော်ဝေယံဦး (ဒဏ်ရာရ)



လက်လုပ်ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် အဆောက်အအုံတစ်လုံးကို တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ရှမ်းစုမြောက်ရပ်ကွက်နေ နိုင်နိုင်(ခ)အာဗစ်သည် ၎င်းအသုံးပြုသည့် “Naing Naing” Facebook အကောင့်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ဇဟာကျေးရွာနေ ထွန်းကြွေသည် ၎င်းအသုံးပြုသည့် “Pan Pan” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ရွှေကြာအင်း(၂)ရပ်ကွက်နေ မြတ်ပွင့်သူ(ခ)သူသူသည် ၎င်းအသုံးပြုသည့် “Thu Thu” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ထင်ပေါ်ဝင်းရပ်ကွက်နေ အောင်ပြည့်မိုး(ခ)လင်းပြည့်သည် ၎င်းအသုံးပြုသည့် “Linn Pyae” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၅)ရပ်ကွက်နေ ခုပ်လျန်ထန်သည် ၎င်းအသုံးပြုသည့် “Khup Lian Thang” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၃ ခုနှစ် ဧပြီလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ၊ Air Quality Monitoring Station (AQM–65) ၊ Scentroid (SL – 50 Scential) ၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များဖြင့် Particulate Matter 2.5 ($PM_{2.5}$) ၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$) ၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင် အောက်ဆိုဒ်</th><th>နိုက်ထရိုဂျင်ဒိုင် အောက်ဆိုဒ်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုဒ်</th></tr>
<tr><td>၁</td><td colspan="8">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနညွှန်ကြားရေးမှူး ရုံးဝင်း ဥတ္တရသီရိမြို့နယ်</td><td>ထိခိုက်စေနိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ရုံးဝင်း ဗိုလ်တထောင်မြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနညွှန်ကြားရေးမှူး ရုံးဝင်း၊ အမရပူရမြို့နယ် မန္တလေးမြို့</td><td>ထိခိုက်စေနိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူးရုံးဝင်း အောင်မြေသာစံမြို့နယ် မန္တလေးမြို့</td><td>ထိခိုက်စေနိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူးရုံးဝင်း ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူးရုံးဝင်း ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူးရုံးဝင်း မိတ္ထီလာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူးရုံးဝင်း ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ရုံးဝင်း မုံရွာမြို့</td><td>ထိခိုက်စေနိုင်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ကလေးမြို့</td><td>ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ရုံးဝင်း ထားဝယ်မြို့</td><td>ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနရုံးရှေ့၊ ပဲခူးမြို့</td><td colspan="2">လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td colspan="2">လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ရုံးဝင်း မြစ်ကြီးနားမြို့</td><td colspan="5">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
<tr><td>၈</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်း ဘားအံမြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဈေးကြိုဝိုင်းအနီး၊ မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">ရခိုင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနညွှန်ကြားရေးမှူး ရုံးဝင်း စစ်တွေမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာန၊လက်ထောက် ညွှန်ကြားရေးမှူးရုံး ကျောက်ဖြူမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ရုံးဝင်း တောင်ကြီးမြို့</td><td>ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td><td colspan="2">ကောင်းမွန်</td><td colspan="2">တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
<tr><td></td><td>၂</td><td>ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူးရုံး တာချီလိတ်မြို့</td><td colspan="2">ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်</td><td colspan="2">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူးရုံးဝင်း လားရှိုးမြို့</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td><td>ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်</td><td colspan="2">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ကျိုင်းတုံခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရိပ်သာအနီး၊ ကျိုင်းတုံမြို့</td><td>ထိခိုက်စေနိုင်</td><td colspan="5">တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
</table>

စာမျက်နှာ ၁၈ သို့

## သာစည်မြို့နယ်၌ ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

သာစည် မေ ၁၁

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီအတွင်းရေးမှူး မြို့နယ်စီမံကိန်းဦးစီးမှူး ဦးမြင့်စိန်က ဒေသန္တရစီမံကိန်းရည်မှန်းချက်များ ရေးဆွဲတာဝန်ပေးအပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံကိန်းတာဝန်များကို တာဝန်ရှိသူများအား ပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ)**

မြို့နယ်(ပြန်/ဆက်)





## နတ်တလင်းမြို့နယ်၌ အခြေခံဗုဒ္ဓယဉ်ကျေးမှု ဆင့်ပွားသင်တန်းဖွင့်လှစ်

နတ်တလင်း မေ ၁၁

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် မြို့မ(အ.ထ.က)ကျောင်း တိုးချဲ့ဆောင်တွင် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုဆင့်ပွားသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ပြုလုပ်သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုပူဇော်ဖွင့်လှစ်ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဦးက အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး၏ ဇနီးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို သင်တန်းသူ ၂၅ ဦး တက်ရောက်ကာ သင်တန်းကာလမှာ သုံးရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။

(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန**

စာမျက်နှာ ၁၇ မှ

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## အင်းတော်မြို့နယ်၌ ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာလမ်းအား ပြုပြင်ဆောင်ရွက်

**အင်းတော် မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်းရှိ ရွှေဘို-မြစ်ကြီးနားသွား မဟာဗျူဟာလမ်း မိုင်တိုင်အမှတ် ၂၃၈ ကီလိုမီတာမှ ၂၃၉ ကီလိုမီတာအကြား စင်းဟောက်ကျေးရွာအနီး လမ်းပျက်စီးနေမှုကို အင်းတော်မြို့နယ် လမ်းဦးစီးဌာနမှအင်ဂျင်နီယာ ဦးအောင်မောင်း ဦးစီးသော ဝန်ထမ်းများက ကျောက်ခင်းခြင်း၊ ကတ္တရာလောင်းခြင်းလုပ်ငန်းများ ပြုပြင်ဆောင်ရွက်နေကြောင်း သိရသည်။

လမ်းအရှည် မီတာ ၆၇၀၊ အကျယ် ၇ ဒသမ ၃၁ မီတာ ကျောက်သဲခင်းခြင်း လုပ်ငန်းကို နိုင်ငံတော်အစိုးရမှ ထောက်ပံ့ငွေ ၁၄၆ သန်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရမှ ထောက်ပံ့ငွေ ၆၇ ဒသမ ၅ သန်း အကုန်ကျခံပြုပြင်ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါလမ်းသည် လူစီးမှန်လုံယာဉ်ကြီး/ငယ်များ၊ ကုန်တင်ယာဉ်များ၊ ဆီဘောက်ဆာယာဉ်များ နေ့စဉ်ဖြတ်သန်းသွားလာနေသော လမ်းဖြစ်သဖြင့် အချိန်မီပြီးစီးနိုင်ရေး အင်းတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖုန်ဂရိန်နှင့် အဖွဲ့က ကြီးကြပ်ဆောင်ရွက်နေကြောင်း သိရသည်။

**လူအောင်(ကသာ)**



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁- ၅ - ၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၃၉၅၁၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၈၅၇၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၃၃ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၂၅ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၈၉၀ ကျပ် | ၁၉၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၇၀ ကျပ် | ၂၀၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၃၀ ကျပ် | ၁၉၇၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၂၀ ကျပ် | ၂၀၇၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၉၄ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၈၁ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၂ . ၃၀၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၉ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၀ . ၅၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၂ . ၇၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၅၈၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၄၁၉ | ၃၄၃၅၆၀၀ |
| MTSH | ၂၈၅၀ | ၂၈၅၀ | ၂၄၅၁ | ၆၉၈၅၃၅ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၄၅၀ | ၁၄၀၀ | ၅၈၃ | ၈၁၆၇၅၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၅၅၀ | ၂၅၅၀ | ၁ | ၂၅၅၀ |
| AHP | ၄၈၀၀ | ၄၈၀၀ | ၁၀၄ | ၄၉၉၂၀၀ |

ညီညီ - စုစည်းသည်

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများနှင့် မန္တလေးပုံနှိပ်စက်ရုံမှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၁၀-၅-၂၀၂၃ ရက် မှ ၁၆-၅-၂၀၂၃ ရက်ထိ) နေ့စဉ် နံနက် ၉:၃၀ နာရီမှ ညနေ ၄:၀၀ နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ ၁၆-၅-၂၀၂၃ ရက် ညနေ ၄:၀၀ နာရီ ဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း ၀၁-၈၂၅၁၉၀၈ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
အမှတ် (၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် -၁၄၊ မြေတိုင်းရပ်ကွက် အမှတ် (သကမ-၈)၊ မန္တလေးလမ်း၊ အမှတ် (၁၂/ခ)ဟု ခေါ်တွင်သော ဦးအုန်းမြင့် အမည်ပေါက် မြေချပါမစ်အမျိုးအစား အလျား ပေ ၂၀xအနံပေ ၆၀ရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော တိုက်၊ အိမ်၊ ရေ၊ မီးအပြည့်အစုံ အကျိုး ခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ်ဖြင့် လက်ရှိဝယ်ယူထားသူ ဒေါ်အေးမြိုင် ၁၂/ဗဟန(နိုင်)၀၀၄၃၂၃ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်သန်း ၁၄/ဘကလ(နိုင်)၁၃၈၈၇၉က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ အချို့ချအပ်ထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက် အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းမင်းနိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၉၉)**
**အမှတ် (၁၂၃၆)၊ ခမ္မာရုံ (၂)လမ်း၊ မြေတိုင်း (၂၂)၊ အလယ်ရွာ၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၉၈၁၃၈၀၂၉၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၆)၊ မြေကွက်အမှတ် (၆၅၀)၊ မေယုလမ်း၊ ဒေါ်ခင်ကြူမွေး (၁၂/ဆကန(နိုင်)၀၀၁၆၀၉) အမည်ပေါက်ပါမစ်မူရင်း ဧရိယာအကျယ်အဝန်းပေ (၄၀x၆၀) အနက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသည့် ဧရိယာအကျယ်အဝန်းပေ(၂၀x၆၀) မြေချပါမစ်မိတ္တူခြံမြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီရိစိုး (၁၂/ဒဂရ(နိုင်)၀၀၆၄၃၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းဝေလွင် (၁၂/အစန(နိုင်) ၁၇၆၅၉၄)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းဝေလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုရည်လှိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၃၄၅၀)**
**အမှတ် (၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

## အများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့၊ ပြည်သာယာဝါ/သုတိုးချဲ့ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၁၉-စ/ဝါ-သုတိုးချဲ့)၊ ဦးပိုင်အမှတ်(၅၇)၊ မြေကွက်အမှတ်(၅၇)၊ မြေဧရိယာ(၀ဒသမ ၀၈၀)ကေရှိ မြေကွက်သည် မြို့နယ်စု မြို့တိုးချဲ့ရပ်ကွက်ဖော်ထုတ်ရေးဦးစီးကော်မတီ၊ မိတ္ထီလာမြို့နယ်စု၊ မိတ္ထီလာမြို့၏ (၃၀-၁၀-၁၉၉၂)ရက်စွဲပါစာအမှတ်၊ ၁၀၄၇/၁-၁/စ၀တ(မိတ္ထီလာ)အရ ဒု-ဗိုလ်မှူးကြီးလှသောင်းမြင့် အမည်ဖြင့်ချထားပေးသော မြေကွက်ဖြစ်ပါသည်။ ဒု-ဗိုလ်မှူးကြီးလှသောင်းမြင့်နှင့် ဒေါ်စန်းစန်းမြင့်တို့သည် တရားဝင်ဇနီးမယားဖြစ်သည်မှာ မှန်ကန်ကြောင်း၊ ဒု-ဗိုလ်မှူးကြီးလှသောင်းမြင့်-ဒေါ်စန်းစန်းမြင့်တို့မှ ဒေါ်ပပစန်းမြင့်၊ ဦးအောင်သူရကျော်၊ ဦးမောင်မောင်ဝဏ္ဏကျော်စသည့် သားသမီး(၃)ဦးထွန်းကားခဲ့သည်မှာ မှန်ကန်ကြောင်း၊ ဒု-ဗိုလ်မှူးကြီးလှသောင်းမြင့်သည် (၁၀-၇-၂၀၁၆)ရက်တွင်လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်စန်းစန်းမြင့်သည် (၁-၁၀-၁၉၉၉)ရက်တွင် အသီးသီးကွယ်လွန်ခဲ့သည်မှာ မှန်ကန်ကြောင်း၊ ဦးအောင်သူရကျော်မှ (၁၆-၇-၂၀၂၁) ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၁/၂၀၂၁) ဦးမောင်မောင်ဝဏ္ဏကျော်အားလည်းကောင်း၊ ဒေါ်ပပစန်းမြင့်မှ (၁၆-၁၀-၂၀၁၄)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၈၁၃၄/၂၀၁၄)ဖြင့် ဦးမောင်မောင်ဝဏ္ဏကျော်အားလည်းကောင်း အသီးသီးလွှဲအပ်ခဲ့သည်မှာ မှန်ကန်ကြောင်း၊ အဆိုပါမြေကွက်ကို ဦးအောင်သူရကျော်နှင့် ဒေါ်ပပစန်းမြင့်တို့၏ကိုယ်စား ဦးမောင်မောင်ဝဏ္ဏကျော်ထံမှ (၁၇-၆-၂၀၂၁)ရက်စွဲပါ အိမ်ဝိုင်းမြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ဒေါ်ခင်မြတ်နွယ်မှ ဝယ်ယူခဲ့သည်မှာ မှန်ကန်ကြောင်း၊ ဒေါ်ခင်မြတ်နွယ်မှ (၃၀-၁-၂၀၂၃)ရက်စွဲပါ နှစ်ဦးသဘောတူဝိုင်းမြေကွက်ပိုင်ဆိုင်ခွင့်အရောင်းအဝယ် အပြီးသတ်စာချုပ်ဖြင့် ဦးသိန်းနိုင်ဦးအား ဆက်လက်ရောင်းချခဲ့သည်မှာ မှန်ကန်ကြောင်း၊ အဆိုပါမြေကွက်ကို ဦးသိန်းနိုင်ဦးမှ လက်ရောက်ရရှိထားပြီး စာချုပ်စာတမ်းများပြုလုပ်ခြင်း၊ ဂရန်အသစ် ဆက်လက်လျှောက်ထားခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကျမ်းသစ္စာကျိန်ဆို၍ မိတ္ထီလာမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် ၀၂၆/၂၀၂၃ဖြင့် မှတ်ပုံတင်ပြီးနောက် မြေငှားဂရန်အသစ် ခွင့်ပြုချထားပေးနိုင်ပါရန် ဦးသိန်းနိုင်ဦး ၉/မထလ(နိုင်) ၀၀၇၄၅၈မှ လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်**

## မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ သမဝါယမအသင်းစု (တတိယ)အကြိမ် အိတ်ပိတ်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ သာစည်မြို့၊ အမှတ် (၁)ရပ်ကွက်ရှိ သာစည်မြို့နယ် သမဝါယမ အသင်းစုပိုင် ၀ဒသမ၉၄ကေမြေကွက်ပေါ်ရှိမြေကွက် အမှတ် (၃)ကွက် (အကွက်အမှတ်-၁၊ အကွက်အမှတ်-၄၊ အကွက် အမှတ်-၁၀) နှင့် အဆောက်အအုံ ပါ မြေကွက် (၄)ကွက် (အကွက်အမှတ်-၃၊ အကွက်အမှတ်-၈၊ အကွက်အမှတ်-၉၊ အကွက်အမှတ်-၁၀) တို့အား အိတ်ပိတ်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | အိတ်ပိတ်လေလံလျှောက်လွှာ ရောင်းချမည့်ရက် | - | ၁၅-၅-၂၀၂၃ရက်မှ ၃၁-၅-၂၀၂၃ရက်ထိ |
| ၂။ | လျှောက်လွှာပိတ်မည့်ရက် | - | ၃၁-၅-၂၀၂၃ရက် ညနေ ၄နာရီ |
| ၃။ | လေလံတင်ရောင်းချမည့်ရက် | - | ၁-၆-၂၀၂၃ရက် နံနက် ၁၀နာရီ |
| ၄။ | လေလံတင်ရောင်းချမည့်နေရာ | - | သာစည်မြို့နယ်သမဝါယမအသင်းစု ရုံး၊ အမှတ် (၁)ရပ်ကွက်၊ သာစည်မြို့ |

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ မေးမြန်းစုံစမ်းနိုင်ပါသည်-

**သာစည်မြို့နယ်သမဝါယမအသင်းစု**
**ဖုန်း-၀၉-၄၀၂၇၉၀၂၉၈၊ ၀၉-၂၆၈၇၄၆၆၆၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၇၆၃၆ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်း ၁၀/သဖရ(နိုင်)၀၇၄၃၃၆က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀ဟ/၉၁၂၅ ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်အေး ၁၀/ပမန(နိုင်)၂၁၅၄၇၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7I/1645, Mitsubishi Canter FE82DG, Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ကိုကို ၁၂/ဥကတ(နိုင်)၁၃၃၇၅၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8D/5549, DAGON TAW WIN L/T, Pick Up ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာစန်း ၁၂/ဒပန(နိုင်) ၀၄၉၉၂၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဖြူးမြို့နယ်၊ ဂျေပူကျေးရွာအုပ်စု၊ ပျဉ်းမပင်ကျေးရွာနေ ဒီနေ့စ်ကူးမာရ် ၇/ဖမန(ပြု) ၀၀၃၂၆၄၊ ဆာဘီသရီ ၇/ဖမန(နိုင်) ၁၈၆၆၈၉တို့၏သား ဝီရီဂျာဆံကာရ် ၇/ဖမန(ပြု)၀၀၉၇၅၆သည် အကြိမ်ကြိမ် မိဘဆိုဆုံးမမှုကို မနာခံဘဲ နေအိမ်မှ ဆင်းသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ **ဒီနေ့စ်ကူးမာရ်-ဆာဘီသရီး**

## အများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့၊ ပြည်သာယာဝါ/သုတိုးချဲ့ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၁၉-စ/ဝါ-သု)၊ ဦးပိုင်အမှတ် (၂၉)၊ မြေကွက်အမှတ် (၂၉)၊ မြေဧရိယာ ၀ဒသမ ၀၈၀ကေရှိ မြေကွက်သည် ခရိုင်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၏ (၂၆-၁၀-၁၉၉၂)ရက်စွဲပါစာအမှတ် ၁၀၄၇/၁-၁/ခ၀တ(၁၈၇၉) အရ ဦးဝင်းမောင် အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ ဦးဝင်းမောင်မှ (၁၉-၃-၂၀၀၇)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၀၂၇/၂၀၀၇)၊ ဒေါ်မြမြဝင်းအား လွှဲအပ်ခဲ့သည်မှာ မှန်ကန်ကြောင်း၊ အဆိုပါမြေကွက်ကို ဦးဝင်းမောင်ကိုယ်စား ဒေါ်မြမြဝင်းထံမှ (၂၀-၁၀-၂၀၀၄)ရက်စွဲပါ နှစ်ဦးသဘောတူ နေအိမ်ဝိုင်းမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဦးတင်ဝင်းမှ ဝယ်ယူခဲ့သည်မှာ မှန်ကန်ကြောင်း၊ ဦးတင်ဝင်းမှ (၂၄-၇-၂၀၂၂)ရက်စွဲပါ နှစ်ဦးသဘောတူဝိုင်းမြေကွက် အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အပြီးအပိုင်ရောင်းချခြင်းကတိစာချုပ်ဖြင့် ဦးစည်သူထွန်းဝင်းမှလည်းကောင်း၊ ဦးစည်သူထွန်းဝင်းမှ ၂၈-၉-၂၀၂၂ ရက်စွဲပါ နှစ်ဦးသဘောတူဝိုင်းမြေကွက်၊ အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အပြီးအပိုင်ရောင်းချခြင်းကတိစာချုပ်ဖြင့် ဒေါ်အေးမြတ်ခိုင်မှလည်းကောင်း၊ ဒေါ်အေးမြတ်ခိုင်မှ ၂၉-၁-၂၀၂၃ရက်စွဲပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီး(ဆက်လက်သုံးစွဲခွင့်)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အပြီးအပိုင်လက်ရောက်ရောင်းချသည့် နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဦးသိန်းနိုင်ဦးအား ဆက်လက်ရောင်းချခဲ့သည်မှာမှန်ကန်ကြောင်း၊ အဆိုပါမြေကွက်ကို ဦးသိန်းနိုင်ဦးမှ လက်ရောက်ရရှိထားပြီး စာချုပ်စာတမ်းများပြုလုပ်ခြင်း၊ ဂရန်အသစ်ဆက်လက်လျှောက်ထားခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကျမ်းသစ္စာကျိန်ဆို၍ မိတ္ထီလာမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် ၀၂၅/၂၀၂၃ဖြင့် မှတ်ပုံတင်ပြီးနောက် မြေငှားဂရန်အသစ် ခွင့်ပြုချထားပေးနိုင်ပါရန် ဦးသိန်းနိုင်ဦး ၉/မထလ(နိုင်)၀၀၇၄၅၈မှ လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာခရိုင်**

## GUOTAI GUOHUA GARMENT MYANMAR LIMITED
## လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇၊ ၁၅၂ အရ ကုမ္ပဏီအားအစုရှယ်ယာရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

၂၀၂၃ခုနှစ်၊ ဧပြီလ ၅ရက်တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သောအဖွဲ့ဝင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ GUOTAI GUOHUA GARMENT MYANMAR LIMITED အား (၅-၄-၂၀၂၃)ရက်မှစ၍ အစုရှယ်ယာရှင်များဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဦးမျိုးသက်ထွန်း (အမှတ်စဉ်-00152)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။ကုမ္ပဏီမှရရန်နှင့်ပေးရန်များကို ၂၀၂၃ခုနှစ် မေလ ၂၂ရက်ကို နောက်ဆုံးထား၍ ယင်းစာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**ဦးမျိုးသက်ထွန်း(အမှတ်စဉ်-00152)**
**GUOTAI GUOHUA GARMENT MYANMAR LIMITED**
**ဖုန်း-၀၉-၄၂၀၀၉၀၉၆၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1R/6827,Suzuki Ciaz, YL1 ယာဉ်လက်ဝယ်ရှိသူ ဦးရဲမြင့် ၉/တကန(နိုင်)၀၃၈၈၄၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (နေပြည်တော်ရုံး)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ သရက်ခြံ(၄)လမ်း၊ အမှတ် (၅၆၄/အေ)ဟုခေါ် တွင်သော ပထမထပ်(မှန်ခန်း)ရှိ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ယဉ်ကြည် ၆/မအရ(နိုင်)၀၂၀၆၃၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တိုးတိုး(ခ)ဒေါ်ဝင်းဝင်းတင် ၁၂/လမန(နိုင်)၀၉၀၆၈၉၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသဲမောင်ကြည် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၀၂၇၈)**
**အမှတ် (၂၆၁)၊ စံပယ်လမ်း၊ (၃-က)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၅၇၆၈၉၄၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၅၆ယ/၉၉၅၇၈ ယာဉ်လက်ဝယ်ရှိသူ ဦးဇင်လင်းထက် ၁၀/ရမန(နိုင်)၂၀၂၉၆က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် 6Fကြို့ကုန်း၊ မြေကွက်အမှတ် (၃၁/က)၊ ဧရိယာ(၀ဒသမ၀၅၆)ကေ၊ (၂၄၅၅) စတု ရန်းပေရှိ B မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ် ၉၂၇၊ ဝပ်ရှော့(၂)လမ်း၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်မြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော (၂)ထပ်နေအိမ်အဆောက်အအုံနှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ နော်ဆာခီးလား ၁၂/အစန(နိုင်) ၁၈၇၆၉၄ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ နော်မယ်စေး ၁၂/ဒဂန(နိုင်)၀၀၆၃၁၈က အပြီးအပိုင် ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစောကျော်စွာထွဋ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၀၁)**
**တိုက်(၉/၁၁)၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၀၆၅၅၇၃၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၅၂ယ/၄၈၃၇ ယာဉ်လက်ဝယ်ရှိသူ ဦးဇင်လင်းထက် ၁၀/ရမန(နိုင်)၂၀၂၉၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ်(၁၂၆-ခ)၊ မြေကွက်တည်နေရာအမှတ်(၁၂၆- ခ)၊ ပုလဲလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ နှစ်(၆၀)မြေငှားဂရန်၊ ဧရိယာ(၀ဒသမ၀၂၇)ကေရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးဝင်းမောင် (BDN-၀၄၀၇၅၆) (၁၂/မဂတ(နိုင်)၀၂၉၉၁၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးသောင်းထက်ဇော် (၁၂/ကမတ(နိုင်) ၀၇၁၇၂၀)က အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့် သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသောင်းထက်ဇော်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာကျော် LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်စီမံကိန်းအတွင်းရှိ City Loft အိမ်ရာ၊ တိုက်အမှတ် CL1 (A1)၊ ၁လွှာ၊ အခန်းအမှတ် (၁၀၆)၊ Type (Studio)၊ ဧရိယာ ၃၁၂ စတုရန်းပေ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးနိုင်သောင်းထိုက် (၇/ပမန(နိုင်)၀၀၂၇၄၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ဇင်မိုမိုလွင် (၁၂/ဗဟန(နိုင်) ၀၉၄၈၀၈) က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဇင်မိုမိုလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာကျော် LL.B, D.B.L, D.I.L, D.I.P.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၂၆)**
**အမှတ် (၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အ မှတ်(သောင်ကြီးမြောက်-၈)၊ မြေကွက်အမှတ်(၈၁-က)၊ အကျယ်အဝန်း (၂၀x၆၀) ပေရှိ (ယခုအခေါ် အမှတ် ၈၁/က)၊ မေတ္တာရှင်လမ်း၊ (၁၄)ရပ်ကွက်၊ လှိုင်သာယာ မြို့နယ်ဟုခေါ်တွင်သော ဦးအောင်ကျော်ဦး အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်စုချစ်ဖြူ ၁၂/စခန(နိုင်)၀၆၉၁၃၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထက်ပါမြေကွက်နှင့် ပတ်သက်သည့်ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာ တမ်း မူရင်း၊ ပါမစ်၊ ဂရန်မူရင်းများနှင့်အတူ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ရွှေဇင်အိ(LL.B,D.B.L,D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၀၆၄/၂၀၁၃)**
**တိုက်(၃၉၀/၄)၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၉၇၀၇၃**

## တံဆိပ်အမည်အမှတ်အသားအား မှတ်ပုံတင်သွင်းလျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း



ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၇)၊ အနီးစခန်း၊ အောင်မင်္ဂလာရပ်ကွက်ရှိ ဦးနေဝင်းမှ Once More တံဆိပ်အမည်အမှတ်အသားဖြင့် သဘာဝကော်ဖီလုပ်ငန်း ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပြီး အဆိုပါ တံဆိပ်အမည်အမှတ်အသားအား ပြင်ဦးလွင်မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်း လျှောက်ထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးနေဝင်း ၉/မမန(နိုင်) ၀၈၇၇၅၇**
**အိမ်အမှတ်(A-4)၊ ၁၉-လမ်း၊ မြမာလာရပ်၊ ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ အောင်ဆန်းရပ်ကွက်၊ ကွင်းအမှတ်(၈၉၉-N)၊ ငါးသိုင်းချောင်းကွင်း၊ ဦးပိုင်အမှတ်(၂၆၇)၊ ဧရိယာ(၀ဒသမ၀၄၅)ကေရှိ မြို့မြေအား ဦးလှမျိုးနွယ်အမည်ဖြင့် မြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ၁၄ ရက်အတွင်း သက်ဆိုင်ရာဌာနရုံးသို့ ပိုင်ဆိုင်မှုအထောက်အထားနှင့် တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးလှမျိုးနွယ် ၁၄/ရကန(နိုင်)၀၅၂၀၇**
**အောင်ဆန်းရပ်ကွက်၊ ငါးသိုင်းချောင်းမြို့၊ ဖုန်း-၀၉-၂၅၀၂၂၄၉၇၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18U/1205, BJAJA MAXIMA 250 Z, 3/W ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လင်းဦး ၆/မမန(နိုင်) ၁၁၉၃၃၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊**
**ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/6905, HYUNDAI GRAND STAREX, MINI BUS (4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ခင်ကြီး ၁၂/မဂဒ(နိုင်)၀၅၄၈၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက် အမှတ် (၁၀၁၅)၊ ဧရိယာ ၀.၀၅၅ကေရှိ ဦးဘောဂ အမည်ပေါက် မြေကွက်အား ဒေါ်အိသက်ပိုင်ဇော် ၁၄/လမန(နိုင်)၀၉၆၁၄၇ မှ ပျဉ်းမနားမြို့မြေတိုးချဲ့ရေးကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက် သဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ် (၁၇၀)၊ ဧရိယာ ၀.၀၉၆ကေ၊ အမှုတွဲ အမှတ် ၆၉၅-၅/၁၉၉၇-၁၉၉၈(အေ)ဖြင့် ဦးညွှန့်လှိုင်မှ အမည်ပေါက် ပိုင်ဆိုင်သောမြေကွက်အား ၎င်း၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်တင်ဥမ္မာဇံ ၁၃/လရန(နိုင်) ၁၃၁၀၆၀ မှ ရောင်း/ဝယ်စာချုပ် (၃၂၊/၂၀၂၃)ဖြင့် ဒေါ်ခင်မြင့်ဌေး ၁၃/လရန(နိုင်) ၀၇၀၈၆၂ထံ ရောင်းချပေးပြီးဖြစ်၍ ဒေါ်ခင်မြင့်ဌေးမှ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူ များရှိပါက ရက်ပေါင်း ၂၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ် (ချယ်ရီမြိုင်စီမံကိန်း)၊ ဦးပိုင်အမှတ် (J-၀၈)၊ ဧရိယာ ၀.၁၁၀ ကေ၊ အမှုတွဲ အမှတ် ၇၃၅-၅/၂၀၁၈-၂၀၁၉(အေ)ဖြင့် ဒေါ်သီတာမှ အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်အား ၎င်း၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးအောင်ဇော်မိုး ၈/စလန(နိုင်) ၀၈၄၇၃၃မှ ရောင်း/ဝယ်စာချုပ် (၉၃၊/၂၀၂၃)ဖြင့် ဦးဇော်လင်းဦး ၁၄/မအပ(နိုင်)၁၄၆၈၂၂ထံ ရောင်းချပေးပြီးဖြစ်၍ ဦးဇော်လင်းဦးမှ အမည်ပြောင်းလျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း ၂၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

## အများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၉-က/၁/အောင်ဇေယျာ)၊ ဦးပိုင်အမှတ် (၆၁/ က)၊ မြေကွက်အမှတ် (၇၀/၂၁၈)၊ မြေဧရိယာ ၀ဒသမ၀၃၂ကေရှိ မြေကွက်သည် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ မိတ္ထီလာမြို့၏ (၉-၅-၁၉၉၁)ရက်စွဲပါစာအမှတ် ၃၁/၂-၁/ကဆရ(၂၂၇)အရ ဒေါ်ဝိုင်းစို အမည်ပေါက်မြေကွက်အား မီးလောင်ပြင်မြေနေရာတွင် နေအိမ်အဆောက်အအုံများ ပြန်လည်ဆောက်လုပ်ရန် သမက်များဖြစ်ကြသော ဦးတင်ဝင်းနှင့် ဦးမျိုးတင့်တို့အား ချထားပေးသောမြေကွက်ဖြစ်ပါသည်။ ဦးတင်ဝင်းပိုင်ဆိုင်သည့် အရှေ့ဘက်ခြမ်းမြေနေရာအား (၁၈-၄-၂၀၂၂)ရက်စွဲပါ မြေနှင့်အဆောက်အအုံအရောင်းအဝယ်စာချုပ်ဖြင့် ဦးအောင်ဇေယျာမင်း၊ ဒေါ်ခင်ထွေးတို့အား ရောင်းချခဲ့သည်မှာ မှန်ကန်ကြောင်း၊ အဆိုပါမြေကွက်ကို ဦးအောင်ဇေယျာမင်း၊ ဒေါ်ခင်ထွေးတို့မှ လက်ရောက်ရရှိထားပြီး စာချုပ်စာတမ်းများပြုလုပ်ခြင်း၊ ဂရန်အသစ်ဆက်လက်လျှောက်ထားခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကျမ်းသစ္စာကျိန်ဆို၍ မိတ္ထီလာမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် ၀၄၇/၂၀၂၃ ဖြင့် မှတ်ပုံတင်ပြီးနောက် မြေငှားဂရန်အသစ် ခွင့်ပြုချထားပေးနိုင်ပါရန် ဦးအောင်ဇေယျာမင်း ၉/မထလ(နိုင်)၁၈၈၅၉၉၊ ဒေါ်ခင်ထွေး ၉/မထလ(နိုင်)၂၁၃၇၁၁တို့မှ လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့် အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာခရိုင်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ် (၁၆၅၈)၊ ဧရိယာ ၀.၀၉၆ကေ၊ အမှုတွဲအမှတ် ၁၂၆-၅/၁၉၉၁-၁၉၉၂(စီ)ဖြင့် ဒေါ်ညွှန့်ညွှန့်လွင်မှအမည်ပေါက်ပိုင်ဆိုင်သောမြေကွက်အား ၎င်း၏ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ ဦးဆုရ်ချ်ဗဟာဒူး ၁၃/လရန(နိုင်) ၀၈၄၇၉၇မှ ရောင်း/ဝယ်စာချုပ် (၅၉၇၊/ ၂၀၂၂)ဖြင့် ဒေါ်နန်းအေးနွမ်း ၁၃/လရန(နိုင်)၁၁၆၄၀၂ထံ ရောင်းချပေးပြီးဖြစ်၍ ဒေါ်နန်းအေးနွမ်းမှ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း ၂၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ် (၄၃၆)၊ ဧရိယာ ၀.၀၉၆ကေ၊ အမှုတွဲ အမှတ် ၇၁-၅/၂၀၀၂-၂၀၀၃(စီ) ဖြင့် ဒေါ်ခင်ထွေးကြည်မှ အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်အား ၎င်း၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ တပ်ကြပ်ကြီး ဟိုင်ကုန်း(ကိုယ်ပိုင်အမှတ်-၆၅၁၄၄၀)မှ ရောင်း/ဝယ်စာချုပ် (၉၆၊/၂၀၂၃)ဖြင့် ဒေါ်ခင်မာလာ ၉/ဝတန(နိုင်)၀၆၀၉၈၈ထံ ရောင်းချပေးပြီးဖြစ်၍ ဒေါ်ခင်မာလာမှ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း ၂၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

## မိတ္တူထုတ်ပေးခြင်းကို ကန့်ကွက်ရန်

ယာဉ်အမှတ် ၆၂ယ/၄၃၅၉၉, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော်ထွန်း ၆/ကသန(နိုင်) ၀၃၃၃၁၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊**
**ခရိုင်ရုံး(ကော့သောင်း)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြိတ်မြို့၊ အလယ်ကျွန်းနယ်မြေ၊ ပါရမီပေ (၆၀)လမ်း၊ အိမ်အမှတ် (၁၅၂) နေ ဦးညွှန့်ဦးနှင့် ဒေါ်ရီရီစန်းတို့၏ ပထမသား မောင်စန်းကိုဦး ၆/မမန(နိုင်)၂၀၉၁၄၃သည် မိဘများ ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို ပြုလုပ်၍ နေအိမ်မှထွက် သွားပါသဖြင့် ဤကြေညာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာသည့် မည်သည့်ကိစ္စကိုမဆို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်း ခြင်းသည်းခံပါ။

**ဦးညွှန့်ဦး၊ ဒေါ်ရီရီစန်း**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၁၈၊ မြေကွက် အမှတ်-၈၁၀၊ ဦးဇော်ဝိတ်အမည်ပေါက် နှစ် ၆၀ ဂရန်မြေ အကျယ်အဝန်းပေ (၄၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုလက်ဝယ်ပိုင်ဆိုင်သူဖြစ်သော ဦးကွန်ကျိုင်း ၁၃/တကန(နိုင်)၀၆၈၅၄၀မှ အရှုပ် အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအေးကျော် ၅/ကဘလ(နိုင်) ၁၁၇၁၃၅ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ၁၀-၅-၂၀၂၃ရက်တွင် စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ ၁၀ ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေထံသို့လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မို့မို့ဇင်ကို (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၉/၁၁)၊ အခန်းအမှတ် (၀၀၄)၊ မြေညီထပ်၊ ၃၆-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၅၆၃၀**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်နှင့် လမ်းအထူးအဖွဲ့(၆)တို့မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအား လုပ်ငန်းတင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | လုပ်ငန်းအိတ်ဖွင့်တင်ဒါအမှတ်စဉ် | - | (၃/၂၀၂၃-၂၀၂၄) |
| (က) | တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန် | - | ၁၈-၅-၂၀၂၃ရက်(ကြာသပတေးနေ့) မှ ၂၃-၅-၂၀၂၃ရက် (အင်္ဂါနေ့) အထိ (ရုံးချိန်အတွင်း) |
| (ခ) | Pre-Bid Meeting ကျင်းပမည့်ရက်/အချိန် | - | ၂၃-၅-၂၀၂၃ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီ |
| (ဂ) | တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက် | - | ၂၄-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း) |
| (ဃ) | တင်ဒါပွဲကျင်းပမည့်ရက်/အချိန် | - | ၂၅-၅-၂၀၂၃ရက်(ကြာသပတေးနေ့) နံနက် ၉:၃၀နာရီ |
| (င) | တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | - | လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျောက်မဲမြို့ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက လမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့-၆၊ လားရှိုးမြို့၏ ဖုန်း-၀၈၂-၂၂၀၂၆၁၉၊ ၀၉-၄၂၈၈၆၅၇၅၆ နှင့် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့၏ ဖုန်း-၀၈၂-၂၉၄၀၀၄၉၊ ၀၉-၄၂၅၉၆၁၅၅၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ (စီ-အလယ်ခန်း)၊ အမှတ်(၃၈)၊ (၄)ခန်းတွဲ RC(၆)ထပ်ခွဲတိုက်အဆောက်အအုံ၏ ပဥ္စမထပ်(၆)လွှာ၊ ဧရိယာ(၁၆၅၀)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်း ရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူဖြစ်သော ဦးစိုးတင့် (၁၂/ဗဟန(နိုင်)၀၂၂၆၇၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သောဦးခင်မောင်လတ် (၁၂/ပဘတ (နိုင်) ၀၁၇၆၀၅)၊ ဒေါ်တင်တင်ဝင်း (၁၂/ပဘတ(နိုင်) ၀၁၉၀၈၀)၊ ဦးခင်မောင်ထိုက် (၁၂/ပဘတ(နိုင်) ၀၂၇၁၂၃)၊ ဒေါ်ခင်မမချို (၉/ပဥလ(နိုင်) ၀၈၄၁၅၁)တို့က အပြီးအပြတ်ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်လတ်၊ ဒေါ်တင်တင်ဝင်းနှင့် ဦးခင်မောင်ထိုက် ၏**
**လွှဲအပ်ညွှန်ကြားချက်အရ -ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ(စဉ်-၄၇၆၂၂)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊ သန်လျင်မြို့ နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၁၀၀၃၅၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ်(၂၈၈)၊ (၂)ခန်းတွဲ RC(၆)ထပ်အဆောက်အအုံ၏ အခန်းအမှတ်( ၅/အေ)၊ (စတုတ္ထထပ်)၊ (၅လွှာ)၊ ဧရိယာ(၆၁၁)စတုရန်းပေရှိ တိုက်ခန်းနှင့်၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သောဦးစိန်ဌေး ၁၄/ပသန(နိုင်) ၀၄၁၈၀၁ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးထွန်းကျော်ကျော် ၁၄/ဟသတ(နိုင်) ၂၃၇၃၈၄၊ ဒေါ်ဇာဇာအောင် ၇/ပတတ(နိုင်) ၁၁၈၆၉၄တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးထွန်းကျော်ကျော်၊ ဒေါ်ဇာဇာအောင် တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၆၂၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City ကြယ်စင် အိမ်ရာဝင်း အတွင်းရှိ City Loft(7လွှာ) CL-4(702) ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးရဲမျိုးဟိန်း ၉/ခအဇ(နိုင်)၀၁၁၆၃၀မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့် အလျောက် ကျွန်ုပ်ကဝယ်ယူရန်အတွက် ရောင်းဖိုးငွေတချို့တဝက်ကို စရန်ငွေ ပေးချေထားပြီး လက်ဝယ်ပိုင်ဆိုင်ထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်း အမည်ပေါက် ပြောင်းလဲခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **ဒေါ်တင်ဇာမင်းမင်းပြည့်**

**တိုက် ၅၃/အခန်း ၄**
**မင်းဒင်လမ်း၊ ၂၉ ရပ်ကွက်၊**
**သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဗဟန်း(၂)လမ်း၊ တိုက်အမှတ်(၁၆)၊ (၆)လွှာ၊ အခန်းအမှတ်(၁၁-အေ)၊ (တိုက်အရှေ့မျက်နှာမူလျှင်-ညာ)၊ အကျယ်အဝန်းပေ(၁၂ ဒသမ ၅x၅၅)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခိုင်ဇာမြင့် ၁၂/ဗဟန(နိုင်)၀၉၁၂၉၄ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အိကေသွယ် ၁၂/ဗဟန(နိုင်)၀၃၅၆၀၂ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးကျော်မျိုးသူ** | **ဦးသန်းဌေး** | **ဦးကျော်မြင့်ထွန်း** |
| **(စဉ်-၁၁၃၅၃)** | **(စဉ်-၁၁၉၈၉)** | **(စဉ်-၁၃၀၇၉)** |

**တ ရား လွှတ် တော် ရှေ့ နေ များ**
**အမှတ် (၂)၊ အောင်သစ္စာလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၉၈၈၃၈၃၃၊ ၀၉-၄၄၃၁၈၉၉၃၂**

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ် ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ
**(အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့ အက်ဥပဒေပုဒ်မ-၁၁)**
**အောင်မြေသာစံခရိုင်တရားရုံးတော်**
**၂၀၂၃ ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၇**

ဦးအောင်ကောင်းခန့် **လျှောက်ထားသူ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၄၇)၊ ဦးပိုင်အမှတ်(၅-ဆ)၊ ဧရိယာ ၀ ဒသမ ၀၂၅၈ ဧကရှိ ဘိုးဘပိုင်မြေကွက်နေ အရွယ်မရောက်သေးသူ မောင်အောင်မြင့်မြတ် (သို့မဟုတ်) ၎င်းပိုင်သောပစ္စည်းအကြောင်း မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၄၇)၊ ဦးပိုင်အမှတ်(၅-ဆ)နေ ဦးအောင်ကောင်းခန့်က အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မောင်အောင်မြင့်မြတ်၏ အစ်ကိုအရင်းဖြစ်သည်ဟူ၍လည်းကောင်း၊ ၎င်းသူ၏ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိရှိစေရန်အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၃ ခုနှစ် မေ ၂၄ ရက် (၁၃၈၅ ခုနှစ် နယုန်လဆန်း ၆ ရက်)တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကေသီဝင်း)**
**ခရိုင်တရားသူကြီး**
**အောင်မြေသာစံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြသီရိလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ မြေကွက်အမှတ် (၆၀၅)၊ ဧရိယာပေ(၄၅x၆၀)၊ စတုရန်းပေ (၂၈၉၀)၊ ၀ ဒသမ ၀၆၄ဧကရှိ နှစ် (၆၀)မြေငှားဂရန် မြေကွက်သည် ရန်ကုန်မြို့၊ မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမင်းဦး အမည်ဖြစ် မှတ်သားတည်ရှိသော နှစ် (၆၀) မြေငှားဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ဦးဇေယျာထွန်း ၁၂/ဗဟန (နိုင်)၀၁၆၃၁၂ မှ တရားဝင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ကြောင်း လွှတ်လပ်စွာ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချစ်ချစ်ဝင်း ၅/ကလထ(နိုင်)၀၈၈၅၇၁ က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်အေးချမ်းမွန် (LL.B)၊ စဉ်-၁၆၄၄၇ တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၄၀၆)၊ သုနန္ဒာ (၁၀)လမ်း၊ ဆ ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၀၂၅၈၉၈၂၃**

## ၂၂-၂-၂၀၂၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၌ ဦးခင်မောင်လင်းနှင့် ဦးခင်မောင်ရင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာခြင်းအပေါ် ၎င်းတို့ကိုယ်တိုင်၊ အခြားသက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာချက်

ချောင်းဦးမြို့နယ်၊ ခင်မွန်ကျေးရွာ၊ ရပ်သာရပ်နေ ဒေါ်ခင်စန်းလင်း(ခ) ဒေါ်သိန်းဌေးဦး (ဘ)ဦးသိန်းပိုက် ၉/ခဥတ(နိုင်)၀၃၅၈၄၉ ၏ လွှဲအပ်ညွှန်ကြားချက်များအရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မိဘများဖြစ်သော ဦးသိန်းပိုက်၊ ဒေါ်သန်းစိန်တို့တွင် သားသမီး(၆)ဦး မွေးဖွားခဲ့ပြီး ယခုအခါ မိဘနှစ်ဦးစလုံး ကွယ်လွန်ခဲ့ပြီးဖြစ်သည်မှာ မှန်ပါသည်။ ၂၂-၂-၂၀၂၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသည့် အမွေကျန်ပစ္စည်းများမဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၎င်းတို့အဆိုပြုသည့် ရွှေချိန်(၃၅)ကျပ်သားဆိုသည်မှာ မည်သည့်အချိန်ကမျှ ဝယ်ယူခဲ့ခြင်း၊ ပိုင်ဆိုင်ခဲ့ခြင်း၊ လက်ရှိထားခြင်း လုံးဝမရှိပါ။ ယခုလက်ရှိ လုပ်ကိုင်နေသည့် အလှူတော်မင်္ဂလာအခမ်းအနား အသုံးအဆောင်ပစ္စည်းများမှာ ငယ်စဉ်ကတည်းက ဒေါ်ခင်စန်းလင်း(ခ)ဒေါ်သိန်းဌေးဦး၏ ကိုယ်ပိုင်ငွေဖြင့် ထူထောင်ပြီး ရင်းနှီးမြှုပ်နှံခဲ့သည့် ၎င်းတစ်ဦးတည်းပိုင်ဆိုင်သော ပစ္စည်းများဖြစ်ပြီး မိဘများ၏ အမွေကျန်ပစ္စည်းများမဟုတ်ပါ။

ချောင်းဦးမြို့နယ်၊ ခင်မွန်ရွာ၊ ရပ်သာရပ်ရှိ အကွက်အမှတ်-(၂၀၀၅၊ အရှေ့ရွာမကွင်း)၊ ဦးပိုင်အမှတ်- F-၂၃၉/၄၂၄၊ ဧရိယာ ၀ ဒသမ ၁၆၂ဧကရှိ ဝင်းမြေကွက်မှာ ၂၇-၇-၂၀၂၀ရက်မှ ၂၆-၇-၂၀၅၀ ရက်အထိ နှစ်(၃၀)ဂရန်ဖြင့် ဒေါ်ခင်စန်းလင်း(ခ) ဒေါ်သိန်းဌေးဦး အမည်ပေါက် တရားဝင်ပိုင်ဆိုင်လက်ရှိထား အကျိုးခံစားနေသော ဝင်းမြေဖြစ်ပါသည်။ မိခင်ဖြစ်သူ ဒေါ်သန်းစိန် မကွယ်လွန်မီကပင် ဒေါ်ခင်စန်းလင်း (ခ)ဒေါ်သိန်းဌေးဦးအမည်ဖြင့် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးမှု အဆင့်ဆင့်ရယူပြီး စိစစ်၍ ထုတ်ပေးခဲ့သော ဂရန်ဖြစ်ပါသည်။ ထိုစဉ်အချိန်က မည်သူတစ်စုံတစ်ယောက်ကမျှ ၎င်းတို့နှင့်ပတ်သက်ခြင်းမရှိ၍ ကန့်ကွက်ပြောဆို တားဆီးခဲ့ခြင်း မရှိပါ။ ထို့ကြောင့် အဆိုပါဝင်းမြေနှင့် ဝင်းမြေပေါ်ရှိ (၂)ထပ် တိုက်တာအဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဒေါ်ခင်စန်းလင်း(ခ)ဒေါ်သိန်းဌေးဦး တစ်ဦးတည်း လက်ရှိထား ပိုင်ဆိုင်အသုံးပြုနေသည့်အတွက် ၎င်းပိုင်ဝင်းမြေနှင့် နေအိမ်အဆောက်အအုံအား မြန်မာ့စီးပွားရေးဘဏ်တွင် အာမခံအဖြစ်ထားရှိကာ ငွေသိန်း ၂၀၀ ကျပ်အား ချေးယူသုံးစွဲခဲ့ပြီး ယနေ့အချိန်ထိ ပြန်လည်ရွေးယူနိုင်ခြင်းမရှိသေးကြောင်း မောင်နှမသားချင်းများဖြစ်သော ဦးခင်မောင်လင်း၊ ဦးခင်မောင်ရင်၊ ဒေါ်ဌေးကြွယ်၊ ဒေါ်ဌေးမယ်နှင့် ဦးဝင်းမောင်တို့ကိုယ်တိုင် သိရှိကြပြီးဖြစ်ပါသည်။

ထို့ကြောင့် ဒေါ်ခင်စန်းလင်း(ခ)ဒေါ်သိန်းဌေးဦး တရားဝင်အမည်ပေါက် ပိုင်ဆိုင်သည့် နေအိမ်ဝင်းမြေနှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ယခုကြေညာချက်ထုတ်ပြန်သည့်ရက်မှ (၁)လအတွင်း သက်သေအထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ဖြေရှင်းနိုင်ကြောင်းနှင့် သက်သေအထောက်အား ခိုင်မာမှုမရှိဘဲ ကန့်ကွက်တားဆီးနှောင့်ယှက်ခြင်း ပြုမည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ခင်စန်းလင်း(ခ)ဒေါ်သိန်းဌေးဦး** | **ဒေါ်ဌေးဌေးစိန်** |
| **၅/ခဥတ(နိုင်)၀၃၅၈၄၉** | **တရားလွှတ်တော်ရှေ့နေ** |
| **ရပ်သာရပ်၊ ခင်မွန်ရွာ၊** | **(စဉ်-၁၆၀၂၃/၁၉)** |
| **ချောင်းဦးမြို့နယ်** | **ဆူးလေကုန်းရပ်ကွက်၊ မုံရွာမြို့** |

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနတွင် အသုံးပြုရန် တာယာဆိုဒ်စုံ(၁၀)မျိုး(၇၃၄)လုံးနှင့် ဘက်ထရီမျိုးစုံ(၇)မျိုး၊ (၄၁၅)လုံးတို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်၍ တင်ဒါလျှောက်လွှာတစ်စုံလျှင် ငွေကျပ် ၁၀၀၀၀/-နှုန်းဖြင့် ၂၅-၅-၂၀၂၃ ရက်မှ ၃၁-၅-၂၀၂၃ ရက်ထိ ၆၂လမ်း၊ (၁၀၆လမ်းx၁၀၇ လမ်းကြား) စက်ရုံနှင့် မော်တော်ယာဉ်ဌာနတွင် ဝယ်ယူတင်သွင်းနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများအား ၁၄-၆-၂၀၂၃ရက်၊ နံနက်(၉:၃၀)နာရီတွင် ၂၆ လမ်း (၇၁လမ်းx ၇၂လမ်းကြား) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၃။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့်အခွန်အခများကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဌာနမှူး၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၂-၄၀၈၀၁၅၇၊ ၀၂-၄၀၈၁၃၁၆၊ ၀၉-၄၀၂၅၂၆၂၆၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့၊ ပန်းဇင်းမော်ကျေးရွာနေ (ဘ)ဦးထွန်းကျော်စိုး၏သမီး မရီရီကျော့ ၁၁/ရသတ(နိုင်)၁၁၈၁၅၅၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-174490) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၆၆၆၂၀၅**

## ပျောက်ဆုံးကြောင်း

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့၊ ပန်းဇင်းမော်ကျေးရွာနေ (ဘ)ဦးထွန်းကျော်စိုး၏သမီး မရီသန်းချေ ၁၁/ရသတ(နိုင်)၁၂၂၃၈၂၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-826513) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၆၆၆၂၀၅**

## ဖခင်အမည်မှန်

ကျောက်ဖြူမြို့၊ ကညင်တော အလကကျောင်းမှ ကျောင်းဝင်အမှတ် ၀၁၆၉၊ Grade-4 အောင်မှ မနေခြည်နွေး၏ ဖခင်အမည်မှန်မှာ ဦးညီးစိုး ၁၁/ကဖန(နိုင်)၀၃၄၈၆၄ ဖြစ်ပါကြောင်း။

**ဦးညီးစိုး**

## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်နေ (ဘ)ဦးရန်မင်းနောင်-ဒေါ်မေနွယ်နီအောင်တို့၏ သား မောင်ထွဋ်ထိပ်အား မောင်ရန်ပြေထွဋ်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ရန်ပြေထွဋ်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2A/6584 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8A/6232 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင်းကျော် ၉/ပဘန(နိုင်)၁၅၆၁၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်အထူးကုဆေးရုံကြီးသည် ၂၀၂၃-၂၀၂၄ဘဏ္ဍာရေးနှစ်အတွက်(FDA)အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများကို ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် အသိပေးအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာများစတင်** - ၁၂-၅-၂၀၂၃ရက်၊ သောကြာနေ့
**ရောင်းချမည့်ရက်**
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်-** ၁၂-၆-၂၀၂၃ရက်၊ တနင်္လာနေ့ ညနေ (၄:၀၀)နာရီ

၃။ လိုအပ်သော တင်ဒါစည်းမျဉ်းနှင့် ဆေးပစ္စည်းများအကြောင်းကို သိရှိလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းသို့ စုံစမ်းနိုင်ပါသည်။

**မနနလ-ဆေးရုံကြီး၊ မန္တလေးမြို့**
**ဖုန်း-၀၂-၄၀၂၁၁၀၆၊ ၀၉-၂၅၉၃၇၁၅၃၃**

## ပြန်လည်ရုပ်သိမ်းကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇိတာ(၆)လမ်း၊ အမှတ်(၁၂၆၂)နေ ကျွန်တော် ဦးအေးသောင်း ၁၂/ဥကမ(နိုင်) ၀၄၅၇၀၄နှင့် ကျွန်မ ဒေါ်ခင်မေသန်း ၁၂/ဥကမ(နိုင်)၀၉၈၈၇၆ တို့မှ ၇-၉-၂၀၂၂ ရက် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၉)၌ အများသိစေရန် ကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဦးအေးသောင်း ၁၂/ဥကမ(နိုင်)၀၄၅၇၀၄**
**ဒေါ်ခင်မေသန်း ၁၂/ဥကမ(နိုင်)၀၉၈၈၇၆**

## ဦးမောင်မောင်နှင့်အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ နယ်မြေ(၁၅)၊ ရေထွက်ဦးလမ်း၊ အမှတ်(၈၁)၊ မြေတိုင်းအခေါ် အကွက်အမှတ် (၈-ဃ)၊ အကွက်အမည်-ဘုရားဖြူမြောက်ရပ်၊ မြေကွက်/ဦးပိုင်အမှတ်-(F53/1)၊ ဧရိယာ ၀ ဒသမ ၂၃၈ ဧကရှိ ဒေါ်နန်းဆန်အမည်ပေါက် ဂရန်အမှုတွဲအမှတ်(၈၇၇/၁၉၉၉)ဖြစ်သည့် အိမ်မြေဥပစာနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်လင်းလင်း ၁၃/ လလန(နိုင်) ၀၄၉၁၁၅ ထံသို့ ၁၅-၃-၂၀၂၃ ရက်တွင် နှစ်ဦးသဘောတူ အိမ်မြေဥပစာအရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ရောင်းချခဲ့ပါသည်။ ဒေါ်နန်းဆန်၏သား ဦးမောင်မောင်ခံစားခွင့်ရှိသော အမွေဝေစုကို အစ်မဖြစ်သူ ကျွန်မ ဒေါ်နန်းစိန်က ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိပါသည်။ ယခုအခါ ဝယ်ယူသူ ဒေါ်လင်းလင်း အမည်ပေါက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးနိုင်ရန်အတွက် ကြေညာသည့်ရက်မှစ၍ ၁၀ ရက်အတွင်း လာရောက်ဆက်သွယ်ပေးပါရန်နှင့် အမွေဝေစုကိုလည်း လက်ခံပေးနိုင်ပါရန် ဦးမောင်မောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းစိန် ၁၃/တကန(နိုင်) ၀၁၇၅၈၄**
**အမှတ် (၈၁)၊ ရေထွက်ဦးလမ်း၊**
**ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့**
**ဖုန်း-၀၉-၄၅၈၉၉၄၈၈၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနကွပ်ကဲမှုအောက်ရှိ သပြေကုန်းဈေးမှ ပွဲရုံဆိုင်ခန်းအမှတ် (ပ-၁၉၄) ဦးအောင်ကျော်ထွန်းဦး ၁၃/တကန(နိုင်)၂၉၈၀၈အမည်ဖြင့် ထုတ်ပေးထားသော ဈေးဆိုင်ခန်းအငှားချထားခြင်း လိုင်စင်ကတ်မှာ ပျောက်ဆုံးသွားပါသဖြင့် "ဈေးဆိုင်ခန်းအငှားချထားခြင်း လိုင်စင်ကတ်"(မိတ္တူမှန်) ထုတ်ယူခွင့်ပြုပါရန် "ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"(မူရင်း) ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ(မူရင်း)၊ ရဲစခန်းထောက်ခံချက်(မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ အိမ်ထောင်စုဇယား(မိတ္တူ)များတင်ပြပြီး ဈေးဆိုင်ခန်းအငှားချထားခြင်း လိုင်စင်ကတ်(မိတ္တူမှန်) လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီဂရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစပြီး (၁၄)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဦးအောင်ကျော်ထွန်းဦး အမည်ဖြင့် ထုတ်ပေးထားသော ဈေးဆိုင်ခန်း အငှားချထားခြင်းလိုင်စင်ကတ်(မူရင်း)အား ပယ်ဖျက်၍ ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ "ဈေးဆိုင်ခန်းအငှားချထားခြင်း လိုင်စင်ကတ်"(မိတ္တူမှန်) ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## သာသနာရေးဦးစီးဌာန
## ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်ဆောင်ရွက်မည့် ကမ္ဘာအေးကုန်းမြေ၌ ရေဂါလန် ၅၀၀၀၀ ဆံ့ ရေတိုင်ကီနှင့် ရေစင်အသစ် တည်ဆောက်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| | | |
|---|---|---|
| **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်(ရုံးခွဲ) ငွေစာရင်းဌာနစု၊ သာသနာရေးဦးစီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော် |
| **တင်ဒါပုံစံရောင်းချမည့်ရက်/အချိန်** | - | ၁၂-၅-၂၀၂၃ရက်မှ ၂၅-၅-၂၀၂၃ရက်ထိ (၉:၃၀နာရီမှ ၁၆:၀၀နာရီထိ) |
| **တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်/အချိန်** | - | ၂၆-၅-၂၀၂၃ရက်မှ ၂၉-၅-၂၀၂၃ရက်ထိ (၉:၃၀နာရီမှ ၁၆:၀၀နာရီထိ) |
| **တင်ဒါဖွင့်မည့်ရက်/အချိန်** | - | အကြောင်းကြားဆက်သွယ်ပါမည်။ |
| **တင်ဒါတင်သွင်းမည့်နေရာနှင့် ဖွင့်မည့်နေရာ** | - | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော် |

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက သာသနာရေးဦးစီးဌာန၊ နေပြည်တော် (ဖုန်း-၀၆၇-၄၀၆၀၄၇၊ ရန်ကုန်(ရုံးခွဲ)၊ ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ (ဖုန်း-၀၁-၆၆၀၈၃၅၊ ၀၉-၅၀၅၈၆၁၀)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ အေးရိပ်မွန် (၉) လမ်း၊ တိုက်အမှတ် (၄)၊ အခန်း (၄၀၁)၊ ရင်ခွဲတိုက်၏ ခေါင်းရင်းခြမ်း (စတုတ္ထထပ်)၊ အေးရိပ်မွန်အိမ်ရာစီမံကိန်း အပိုင်း (၃) အား တရားဝင်ပိုင်ဆိုင်ကြသူများဖြစ်ကြသည့် (၁) ဒေါ်အုန်းအုန်းနီ ၁/မကန (နိုင်) ၀၂၇၃၉၃၊ (၂) ဒေါ်အေးအေးနီ ၁/မကန (နိုင်)၀၂၇၃၉၂၊ (၃) ဒေါ်ဆွေဆွေနီ ၁/မကန (နိုင်) ၀၂၇၃၉၆၊ (၄) ဒေါ်ခင်သက်နီ ၁၂/ကမရ (နိုင်) ၀၂၂၄၁၇၊ (၅) ဦးတင်မောင်နီ ၁/မကန(နိုင်)၀၂၇၅၈၂ တို့ဖြစ်ကြပြီး ၎င်းတို့အနေဖြင့် ပိုင်ဆိုင်အကျိုးခံစားခွင့်၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချခဲ့ခြင်းအပေါ် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်လဲ့မွန်ချို ၁၂/ကမရ(နိုင်)၀၆၃၃၆၆ မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။

အရောင်းအဝယ်အား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုသတ်မှတ်ထားသည့်ရက်တွင် ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီဂီစိုး (LL.B, D.M.L, D.B.L, D.I.P.L)**
**အထက်တန်းရှေ့နေ (စဉ် - ၂၃၁၉၆)**
**တိုက် (၄)၊ အခန်း (၃၀၅)၊ အေးရိပ်မွန် (၉) လမ်း၊**
**လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း - ၀၉ -၄၄၄၀၃၃၀၂၊ ၀၉- ၉၆၇၅၃၉၂၈၀**

## အများသိစေရန်ကြေညာခြင်း

ရွှေညောင်မြို့၊ အောင်သပြေရပ်ကွက်၊ အမှတ်(၁၀/၇၁)နေ ကိုဟိန်းဟန်စိုး ၁၃/တကန(နိုင်)၂၁၆၀၄၇ နှင့် မအေးငြိမ်းသူ ၁၃/တကန(နိုင်)၂၃၇၁၇၂ တို့သည် ၅-၁-၂၀၂၃ ရက်တွင် ရွှေညောင်မြို့၊ အောင်သပြေ၊ အမှတ်(၁၀)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းစာချုပ်အား ချုပ်ဆိုခဲ့ပြီးဖြစ်သည့်အတွက် နောက်နောင်တွင် မအေးငြိမ်းသူနှင့်ပတ်သက်သည့်ကိစ္စအဝဝအား ကိုဟိန်းဟန်စိုးမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းနီနီဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၃၁၅၆(၁၀-၈-၂၀၁၇)**
**အမှတ်(၂၇)၊ နယ်မြေ(၁)၊ ရပ်ကွက်(၆)၊ အေးသာယာမြို့**
**ဖုန်း-၀၉-၄၄၀၄၅၇၃၉၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉/သူရိယ)၊ ဦးပိုင်အမှတ်(၁၂၃)၊ ဧရိယာ ၀ ဒသမ ၀၇၂ဧကရှိ ဦးအုန်းမောင် (ခ) အံ့မောင်၊ ဒေါ်ခင်ဝင်း အမည်ပေါက် နှစ်(၃၀)မြေငှား စာချုပ်မြေကွက်အား မြေငှားစာချုပ်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကျမ်းကျိန်ဆိုချက်၊ သေဆုံးကြောင်း အထောက်အထားလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်ကျော့ကျော့ခိုင် (ဘ) ဦးအုန်းမောင် (ခ) အံ့မောင် ၉/တကန(နိုင်)၀၀၈၆၈၂ (ပါ) ၃ ဦး (ဒေါ်ကျော့ကျော့ခိုင်၊ ဦးကျော်အံ့မောင်၊ ဒေါ်ဝင်းဝင်းသန်း)တို့မှ မှတ်ပုံတင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၂၂၁)၊ မြေကွက်တည်နေရာအမှတ်(၂၂၁)၊ ချမ်းမြေ့သာယာ(၃)လမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဦးသိန်းကျော်ဦး CQ-021870)၊ အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တရားမရုံး ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၅ဖြင့် တရားလိုဒေါ်အေးအေးမွန်က တရားပြိုင်ဦးသိန်းကျော်ဦး (ဂရန် အမည်ပေါက်) ဦးနေဝင်းနှင့် ဦးစန်းလွင်တို့အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေရန် စွဲဆိုခဲ့မှုအပေါ် စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့် ၁၁-၃-၂၀၂၀ရက်စွဲပါ စီရင်ချက်ဒီကရီနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး ၂၀၂၀ပြည့်နှစ် တရားမဇာရီမှုအမှတ်-၂၂ ၏ နေ့စဉ်မှတ်တမ်း၊ တရားရုံးကိုယ်စား မြေပုံမြေရာဇဝင်ကူးယူရန် ဘိလစ်ခန့်အပ်ကြောင်း ၁၃-၈-၂၀၂၀ရက်စွဲပါ အကြောင်းကြားစာ၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)၊ တရားရုံးအမိန့်များတင်ပြ၍ ဘိလစ်စာရေးကြီး ဒေါ်လဲ့လဲ့ခိုင်မှ အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိမ်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ ၁၀၁-လမ်း၊ အမှတ် (၁၆၃)၊ ၇-လွှာ(ဝဲ)နေ ဒေါ်ခင်မေကြည် ၁၂/တမန(နိုင်) ၀၇၉၇၃၆ နှင့် ဒေါ်ခင်သန်းနွဲ့ ၁၂/ကမန(နိုင်) ၀၇၉၇၃၅ တို့က ကန့်ကွက်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ခင်မေကြည်၏ခင်ပွန်းဖြစ်သူ ဦးမောင်မောင်ကြီး ၁၂/တမန(နိုင်)၀၇၁၃၇၀ သည် ၁၅-၁-၂၀၂၂ရက်တွင် မိမိပိုင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ၈၉-လမ်း၊ အမှတ် (၁၆)၊ ၆-လွှာ တိုက်ခန်းကို ကာလတန်ဖိုးငွေကျပ် ၅၂၀၀၀၀၀၀/- (ကျပ်သိန်းငါးရာ့နှစ်ဆယ်တိတိ)ဖြင့် ရောင်းချခဲ့ပါသည်။ ထိုသို့ ရောင်းချစဉ်က အမွေဆက်ခံသူများအဖြစ် ဇနီးဖြစ်သူ ဒေါ်ခင်မေကြည်၊ သားသမီးများဖြစ်ကြသော ဒေါ်ခင်သန်းနွဲ့ ၁၂/တမန(နိုင်) ၀၇၉၇၃၅၊ ဒေါ်ခင်သန်းမြင့် ၁၂/တမန(နိုင်)၁၀၀၀၃၂၊ ဦးခင်မောင်လေး ၁၂/တမန(နိုင်)၀၉၆၅၉၇နှင့် ဦးခင်မောင်ဌေး ၁၂/တမန(နိုင်)၀၉၆၅၉၆ တို့ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ထိုသို့ ရောင်းချရငွေမှ ဦးခင်မောင်လေး၏ တိုက်ခန်းကို ကျပ်သိန်း ၃၇၅၀၀၀၀၀/- (ကျပ်သိန်းသုံးရာခုနစ်ဆယ့်ငါးတိတိ)ဖြင့် ဝယ်ယူခဲ့ပါသည်။ ဦးခင်မောင်လေးက ဖခင်ဖြစ်သူအား အထွေထွေကိုယ်စားလှယ်လွှဲစာပြုလုပ်ပေးခဲ့ပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းကို ဦးခင်မောင်ဌေးက ရောင်းချရန် စရန်ယူထားသည်ဟု ကြားသိရသဖြင့် အမွေဆိုင်တိုက်ခန်းအား အမွေစားအမွေခံများ၏ သဘောတူညီချက်မပါဘဲ ရောင်းချနေခြင်းကို ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မေကြည် နှင့် ဒေါ်ခင်သန်းနွဲ့ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်လွင် B.Com (A.A),D.E.P;R.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၅၉)**
**အမှတ်-၁၉၊ ၁၂၇-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၀၁၂၄၁၄၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်အပိုင်း(၃)၊ Rose House၊ အခန်းအမှတ် (R.A13)၏ အမည်ပေါက် ဦးမိုးကျော်အောင် ၈/ခမန (နိုင်)၀၀၆၆၆၇ ထံမှ တစ်ဆင့်ပြန်လည် ဝယ်ယူထားသူ ဒေါ်အိဝင်းဖေ ၁၂/မဂဒ (နိုင်)၁၁၀၂၃၆ က ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## (၁၄-၁-၂၀၂၃) ရက်စွဲဖြင့် မြန်မာ့အလင်းသတင်းစာတွင် ဒေါ်မေဖြိုးဝေနှင့် အများသိစေရန်ကြေညာခြင်းအပေါ် ဦးအေးမင်းစိုး ၁၂/ကမရ(နိုင်) ၀၀၂၄၇၅ နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေဖြိုးဝေ ၁၄/ ပတန(နိုင်)၁၂၄၀၃၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေနှင့် ဦးအေးမင်းစိုး တို့သည် (၂၈-၃-၂၀၀၈)ခုနှစ်က ထိမ်းမြား လက်ထပ်ခဲ့ပြီး သားသမီး(၂)ဦး ထွန်းကားခဲ့ကြောင်းနှင့် စတင်လက်ထပ်စဉ်က ဦးအေးမင်းစိုး သည် တပ်မတော် (ရေ)မှ ဗိုလ်ကြီးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေစဉ်ကာလဖြစ်ကြောင်းမှာ မှန်ကန်သော်လည်း ပေါင်းသင်းနေစဉ်ကာလအတွင်း လင်သားတစ်ဦးအနေဖြင့် တာဝန်ကျေစွာ ရှာဖွေကျွေးမွေးခဲ့ကြောင်း၊ ဒေါ်ပုံမြေကွက်၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့် ပင်စင်ကတ်ပြား၊ ပေါင်နှံငွေချေးခဲ့ကြောင်း၊ မိတ်ဆွေများထံမှ ငွေချေးယူသဖြင့် ဖုန်းဖြင့် တိုင်ကြားသောကြောင့် ပေးဆပ်ခဲ့ရကြောင်း၊ ငွေကြေးကိစ္စများ အကြိမ်ကြိမ် ပြဿနာဖြစ်ပွားသဖြင့် ဦးအေးမင်းစိုးမှ စိုက်ထုတ် ဖြေရှင်းပေးခဲ့ရကြောင်း ဖော်ပြကြေညာချက်တို့သည် ဒေါ်မေဖြိုးဝေ အပေါ် ဂုဏ်သိက္ခာကျဆင်းအောင် ရည်ရွယ်၍ မမှန်မကန် ဖော်ပြကြေညာခဲ့ခြင်းသာ ဖြစ်ပါသည်။

ဦးအေးမင်းစိုး သည် နေ့စဉ် သောက်စားမူးယစ်ကာ ဇနီးအား ရန်ရှာပြီး သားသမီးများကို စွန့်ပစ်၍ (၂၂-၄-၂၀၂၂) ရက်ကတည်းက မိမိဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားခဲ့ပါသည်။ ထို့နောက် ၎င်း၏ရှေ့နေမှ တစ်ဆင့် (၂၇-၉-၂၀၂၂)ရက်တွင် တရားဝင်ကွာရှင်းပေးရန် အကြောင်းကြားစာ ပို့သည်ကို မကွာရှင်းပေးသည့်အတွက်ဒေါ်မေဖြိုးဝေအားထိုသို့ဂုဏ်သိက္ခာကျဆင်းအောင် ရည်ရွယ်၍ မမှန်မကန်ဖော်ပြကြေညာခြင်းဖြစ်ကြောင်း အများသိစေရန် ပြန်လည် ရှင်းလင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆွေဇင်မိုး (LL,B) စဉ်-၉၃၀၀**
**တရားလွှတ်တော်ရှေ့နေ**
**တိုက် - ၉ / ၁၁၊ ပထမထပ်၊ အခန်း (၁၀၃-H)၊ ၃၆ လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၄၃၁၁၂၉၁၄၊ ၀၉-၂၅၂၄၈၉၀၇၉**

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ် ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ -၁၁)
## အင်းစိန်ခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ် တရားမအထွေထွေမှုအမှတ် - ၁၇

ဒေါ်အေးပိုပိုနိုင် လျှောက်သူ

အမှတ်-(၃၅/ခ)၊ (ခ/၂)ရပ်ကွက်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်ရပ်နေ အရွယ်မရောက်သေးသူ မသွန်းသက်မှူးအိမ်နှင့် ၎င်းပိုင်သော ပစ္စည်းအကြောင်း။

အမှတ်-(၃၅/ခ)၊(ခ/၂)ရပ်ကွက်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်ရပ်နေ (၁)ဒေါ်အေးပိုပိုနိုင် က အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မသွန်းသက်မှူးအိမ်၏ အဒေါ်အရင်း ဖြစ်သည်ဟူ၍လည်းကောင်း ၎င်းသူ၏ကိုယ်နှင့်ပစ္စည်းကို (၁)အုပ်ထိန်းသူအဖြစ်ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့ လျှောက်ထားခြင်းကို လူအများသိရှိစေရန်အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၃ ခုနှစ် မေ ၂၃ရက် (၁၃၈၅ ခုနှစ် နယုန်လဆန်း ၅ ရက်)တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၃ ခုနှစ် မေ ၅ ရက် တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးကျော်)**
**ခရိုင်တရားသူကြီး**
**အင်းစိန်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City အိမ်ရာ၊ Star City Condo Zone B-2 ၊ အလွှာ (၇)၊ အခန်းနံပါတ် (၇၀၉)၊ အကျယ်အဝန်း (၁၇၇၅) စတုရန်းပေအကျယ်ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ဆက်စပ်ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသော ဦးအောင်ကျော်ဦး ၁၃/ဟပတ(နိုင်)၀၁၃၃၂၅ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နွေးနွေး ၁၃/ခရဟ(နိုင်)၀၀၀၀၃၀ က ဝယ်ယူမည်ဖြစ်သောကြောင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ယနေ့မှ(၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးရန်နိုင်** | **ဦးနေမျိုးထွဋ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၄၇)** | **အထက်တန်းရှေ့နေ(စဉ်-၂၉၉၄၃)** |
| **LL.B.,DBL.,DIPL.,DL-101(WIPO)** | **LL.B.,Diploma in Business Law.,** |

**အမှတ်(၄၀၁/၅)၊ ၁၅၄-လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉-၇၉၆၂၈၂၀၄၄**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ အကွက်အမှတ် (၆၉)၊ ဦးပိုင်အမှတ် (၄၄)၊ ဧရိယာ ၀ ဒသမ ၀၃၄ ဧက ရှိဘိုးဘွားပိုင်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အမှတ်(၁၂)၊ မက်ကေးလမ်း(ရဲသွေးလမ်း)၊ မောင်ငံရပ်ကွက်၊ မော်လမြိုင်မြို့ဟု ခေါ်တွင်သော (၂)ထပ်တိုက်နေအိမ်အဆောက်အအုံ နှင့်အကျိုးခံစားခွင့်အားလုံး တို့သည် ဦးကာသယ် အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ဦးကာသယ်ထံမှ မယုယုမွန်က မှတ်ပုံတင်စာချုပ်အမှတ် - ၇၂/၂၀၁၈ အရ ဝယ်ယူပိုင်ဆိုင်ထားခဲ့ပါသည်။ မယုယုမွန်ထံမှ ဒေါ်စန်းစန်းအေး ၁၀/မလမ (နိုင်) ၁၂၃၁၁၆ က မှတ်ပုံတင်စာချုပ်အမှတ် - ၂၉/၂၀၂၂အရ ဝယ်ယူခဲ့ပါသည်။ ယခုအခါ ဒေါ်စန်းစန်းအေးက ၎င်း၏အမည်သို့ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါကခိုင်လုံသော အထောက်အထားများနှင့် အတူ ကြေညာသည့်ရက်မှစ၍(၁၅)ရက်အတွင်းမော်လမြိုင်မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်ရန်မရှိပါက အမည်ပြောင်းလျှောက်ထားခြင်းကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၇၈၅၉၆ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမြိုင် ၁၀/သဖရ(နိုင်)၀၃၇၆၆၉ က(ကမ-၃)ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၅၈၈၆ ယာဉ်လက်ဝယ်ရှိသူ ဦးထက်ကောင်းစံ ၁၀/ကမရ(နိုင်)၁၇၁၇၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## မွေးသက္ကရာဇ်မှန်နှင့် ဖခင်အမည်မှန်

ကျောက်ဖြူမြို့၊ အထက-၂ ကျောင်း၊ Grade-9 မှ မလဝန်းချို ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၈-၂၀၀၉ ဖြစ်ပြီး၊ မလဝန်းချိုနှင့် မောင်ဟိန်းတိုးအောင် Grade-5 တို့၏ ဖခင်အမည်မှန်မှာ ဦးရင်မောင်ခိုင် ၁၁/ကဖန (နိုင်)၀၇၅၁၉၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၊ အမှတ် (၇)ရပ်ကွက်နေ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ Grade-9 ကျောင်းသား မောင်မြတ်မင်းမောင် ၏ ဖခင်အမည်မှန်မှာ ဦးကျော်လွင် ၈/ခမန(နိုင်)၁၂၆၆၁၉ ဖြစ်ပါကြောင်း။

**ဦးကျော်လွင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/6472 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6A/2375 TOYOTA DYNA ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**တိုင်းရုံး(မကွေး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/ 1878 MITSUBISHI CANTER ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**တိုင်းရုံး(မကွေး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/4205 MITSUBISHI CANTER ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊**
**တိုင်းရုံး(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/40182 Canda 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီရိအိမ် ၉/ပမန (နိုင်)၂၉၁၃၃၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်
### ကျောင်းအုပ်ကြီး(ငြိမ်း)
### ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)
### (ယခု နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၊ အောက်မြန်မာပြည်)
### အသက်(၉၅)နှစ်

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၊ ကျောင်းအုပ်ကြီး(ငြိမ်း) ဦးမောင်မောင် အသက်(၉၅)နှစ်သည် ၁၀-၅-၂၀၂၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ**
**အရာထမ်း၊ အမှုထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်
### ကျောင်းအုပ်ကြီး(ငြိမ်း)၊
### ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)
### အသက် (၉၅)နှစ်

ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၊ ကျောင်းအုပ်ကြီး(ငြိမ်း) ဦးမောင်မောင် အသက်(၉၅)နှစ်သည် ၁၀-၅- ၂၀၂၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**(ဦးစံလင်း)ဒေါ်ပြုံး မိသားစု**
**နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဇော်ဝင်း
### မန်နေဂျာ(ငြိမ်း)ကြေးမုံသတင်းစာတိုက်
### အသက်(၆၆)နှစ်

ဦးဇော်ဝင်း(မန်နေဂျာ-ငြိမ်း)သည် ၁၀-၅-၂၀၂၃ရက် နံနက် ၃:၀၅နာ ရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိလားပါစေ...

**ဦးညွန့်ဇော် မိသားစု၊ ဦးနိုင်ထွန်း မိသားစု**
**ဦးဝေဖြိုးသန်း မိသားစု၊ ဦးသန်းလင်းဦး မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ညွန့်ရင်
### အသက်(၈၆)နှစ်

စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစာစက်မှုလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူ၏မိခင် ဒေါ်ညွန့်ရင် အသက်(၈၆)နှစ်သည် ၁၀-၅-၂၀၂၃ရက် ညနေ ၃:၃၀နာရီတွင် ဘဝတစ်ပါးသို့ပြောင်းလဲကွယ်လွန်သွားပါ သဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)**
**ဝန်ထမ်းများနှင့်မိသားစုဝင်များ**

## ဦးလှတိုး
### လ/ထ အထွေထွေမန်နေဂျာ
### မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်
### အသက် (၆၅)နှစ်

(ဦးသန်းဆောင်)-ဒေါ်အုန်းမြင့်တို့၏သား၊ (ဦးလှမြင့်-ဒေါ်ငွေမြိုင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့ နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း အမှတ် (၁၅/B-4 လွှာ)နေ ဒေါ်သင်းသင်းဆွေ၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူသည် ၁၁-၅-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၁၀:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၂၃ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင် ထွက်ပါမည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေကွက် အမှတ် (ဥ-၅၃၂၈၊ ၅၃၂၉)၊ မြေဧရိယာ ၀.၄၅၉ဧကေ၊ နှစ် ၃၀ မြေငှားစာချုပ်မြေကွက်သည် ဦးသိန်းတန် (ဘ)ဦးလှထွန်း ၅/ခဥတ(နိုင်)၀၀၇၈၇၅နှင့် ဒေါ်သန်းသန်းနွဲ့ (ဘ)ဦးသိန်းမောင် ၉/အမဇ(နိုင်)၀၁၃၃၈၇တို့၏ အမည်ပေါက်မြေကွက်များဖြစ်ပြီး ဦးသိန်းတန် (ဘ)ဦးလှထွန်း ၅/ခဥတ(နိုင်)၀၀၇၈၇၅ ကွယ်လွန်သွားပါသဖြင့် အမွေဆက်ခံခွင့်ရှိသော တရားဝင်ဇနီးဖြစ်သူ ဒေါ်သန်းသန်းနွဲ့ (ဘ)ဦးသိန်းမောင် ၉/အမဇ(နိုင်)၀၁၃၃၈၇ အမည်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ညွန့်ရင်
### အသက် (၈၆)နှစ်

စက်မှုဝန်ကြီးဌာန၊ အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်းမှဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူ-ဒေါ်ရီရီကျော်တို့၏ မိခင်ဖြစ်သူ ဒေါ်ညွန့်ရင်သည် ၁၀-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါ သဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**
**အမှတ် (၂)အကြီးစားစက်မှုလုပ်ငန်း**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စန်းရီ
### ကုန်သွယ်လယ်ယာ(ငြိမ်း)
### အသက်(၇၅)နှစ်

စမ်းချောင်းမြို့နယ်နေ(ဦးအုံးမောင်-ဒေါ်အုံးမေ)၏သမီး၊ (ဦးအေး- ဒေါ်တင်)တို့၏ချွေးမ၊ စမ်းချောင်းမြို့နယ်၊ လင်လွန်းမြောက်ရပ်ကွက်၊ အင်္ဂပူလမ်း၊ အမှတ်(၃၇၊ ခြောက်လွှာ-A)နေ (ဦးမောင်မောင်တင်)(မြန်မာ့ဆက်သွယ်ရေး-ငြိမ်း) ၏ချစ်လှစွာသောဇနီး၊ (ဦးလွင်ဦးလှိုင်)၊ ဦးဝင်းလွင်-ဒေါ်စုစုလှိုင်၊ ဦးအေးထွန်း-ဒေါ်အိအိလှိုင်၊ မမိုးမိုးလှိုင်၊ မောင်စိုင်းကျော်လင်းလှိုင်-မမော်စီ၊ မခင်စန္ဒာစိုး(Myanmar Bakery Co.,Ltd)တို့၏ ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်၊မြစ်လေးယောက်တို့၏အဘွားသည် ၁၁-၅-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၆:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၂၃ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ရဟန်း၊ ကျောင်းဒါယကာကြီး
## ဦးတင်ဝင်း(နေဝင်းနီပရိဘောဂ)
### အသက် (၆၈)နှစ်

ရန်ကုန်မြို့၊ တာမွေကြီး(ခ)ရပ်ကွက်၊ အိမ်အမှတ်(၈၈)၊ သမိန်ဗရမ်းလမ်းနေ (ဦးသာရွှင်-ဒေါ်အေးစိန်)တို့၏သားထွေး၊ ဒေါ်တင်တင်ငွေး၏ခင်ပွန်း၊ (ဦးဝင်းမောင်)-ဒေါ်မြသန်း၊ ဦးအုန်းရွှေ-ဒေါ်ခင်သန်းနွဲ့၊ ဦးကျော်ခင်တို့၏ညီ/မောင်၊ တူ/တူမ ခြောက်ယောက်တို့၏ ဦးလေး ဦးတင်ဝင်း(နေဝင်းနီပရိဘောဂ)သည် ၁၁-၅-၂၀၂၃ရက်(ကြာသပတေးနေ့) နံနက် ၅:၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၂၃ ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဇော်မင်းဦး
### နည်းပြလေယာဉ်မှူးကြီး၊ မြန်မာအမျိုးသားလေကြောင်း
### အသက်(၄၉)နှစ်

ဦးဇော်မင်းဦး(နည်းပြလေယာဉ်မှူးကြီး၊ မြန်မာအမျိုးသားလေကြောင်း)သည် ၁၁-၅-၂၀၂၃ ရက် နံနက် ၃ နာရီအချိန်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်စဉ်(၅၈)လေယာဉ်မောင်းသင်တန်းသားများ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(ဇ-၂၂၉၀)၊ ဧရိယာ(၀ဒသမ၆၄၉) ဧကရှိ ဦးစိန်မောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဌေးလင်း(ဘ) ဦးကံညွန့် ၈/ပခက(နိုင်) ၁၅၅၃၁၀မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၇၆/၂၀၂၁)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးအောင်မျိုးထွန်း ၄/ဟခန(နိုင်) ၀၈၁၁၃၉၊ ဒေါ်မြင့်မြင့်ခိုင် ၄/ဟခန(နိုင်) ၀၀၄၃၃၅(ဘ)ဦးစီခိုင်လျှန်းနှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လို သူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်ဆန်းမိုးဦး(ခ)မောင်ဇေဖြိုးပိုင်သည် မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ မောင်ဇေဖြိုးပိုင်နှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းဦး ၇/သကန(နိုင်)၀၇၆၅၃၂**
**ဒေါ်ခင်စန်းဝင်း ၇/သကန(နိုင်)၀၂၁၃၆၈**
**ပြည်တော်အေး (၃)လမ်း၊ ချမ်းမြေ့သာယာရပ်ကွက်၊ ပုတီးကုန်းမြို့၊**
**သဲကုန်းမြို့နယ်၊ ပဲခူးတိုင်းအနောက်ပိုင်း**

## ဗိုလ်မှူးဂျွန်လှဝင်း(ခ)ဦးလှဝင်း
### လေ(၁၂၂၆)(ငြိမ်း)
### လေယာဉ်မှူး(ငြိမ်း)
### အသက်(၉၀)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ အပိုင်း(၄)၊ သုမန(၂)လမ်း၊ အမှတ်(၉၀၀ A)နေ (ဦးမောင်ကလေး-ဒေါ်ညွန့်)တို့၏ တစ်ဦးတည်းသောသား၊ (ဒေါ်သင်းသင်းရီ)မြိတ်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအုန်းကျော်-ဒေါ်ဝေဝေသင်း၊ ဒေါ်သီတာသင်းတို့၏ကျေးဇူးရှင်ဖခင်ကြီး ဗိုလ်မှူးလှဝင်း(လေ-ငြိမ်း)သည် ၈-၅-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် ဇရာပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက်တွင် ဘုရားအမှူးရှိသော သံဃာတော်တို့အား အာရုံဆွမ်းကပ်လှူမည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ရက်လည်ဆွမ်းသွပ်တရားနာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာကြီး
## ဒေါက်တာ မျိုးမင်း(ခ)Dr.Cyril Tan
### ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ ကလေးကျန်းမာရေးပညာဌာန
### ဆေးတက္ကသိုလ် (၁)နှင့် (၂)၊ ရန်ကုန်
### အသက် (၈၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပန်တျာလမ်း၊ အမှတ် (၃၄)နေ (ဒေါက်တာ ဟန်ဘို-ဒေါ်မမ)တို့၏သား၊ (ဒေါက်တာ စန်းစန်းမြင့်(ခ)ရှယ်လီတန်)၏မောင်၊ ဒေါက်တာ ဒေါ်သဇင်(ခေတ္တ-UK)၏ ချစ်လှစွာသောခင်ပွန်း၊ မသီတာအောင်(ခေတ္တ- UK)၊ မောင်မင်းအောင် (ခေတ္တ-UK)၊ မနန်းအေးလင်း(ခေတ္တ-UK)တို့၏ ချစ်လှစွာသောဖခင်သည် ၆-၅-၂၀၂၃ရက် (စနေနေ့) နံနက် ၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၂၃ရက် (စနေနေ့) နံနက် ၁၀:၃၀နာရီတွင် ရေဝေးသုသာန်တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဒေါ်အမာနီ
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၁၂)၊ အခန်း(၁၄)၊ ရွှေအုန်းပင်အိမ်ရာ(၁)နေ (ဦးတင်ဖေ-ဒေါ်သောင်း)တို့၏သမီး၊ (ဦးဇင်အောင်)စာရင်းအင်းဦး စီးအရာရှိ၊ ကျန်းမာရေးဦးစီးဌာန၏ဇနီး ၊ဦးဝင်းမြင့်-ဒေါ်ဥမ္မာဇင်၊ ဦးကြည်မိုး- ဒေါ်နီလာဇင်၊ ဦးသီဟကျော်ဇင်-Ms.Paula Anak Baee၊ ဦးဝင်းကျော်-ဒေါ်အေးမိုးမိုးဇင်၊ ဦးအောင်ကျော်ဇေယျဇင်-ဒေါ်လဲ့လဲ့ကျော်တို့၏မိခင်၊ မြေးခုနစ်ယောက် တို့၏အဘွားသည် ၁၁-၅-၂၀၂၃ ရက်(ကြာသပတေးနေ့) နံနက် ၆:၀၅နာရီတွင် ဇရာပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၂၃ရက် (စနေနေ့) မွန်း တည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ် သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ကြည်ကြည်ခင်(မူလတန်းပြ-ငြိမ်း)
### အသက်(၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်နေ (ဦးစံမောင်-ဒေါ်အေးရှင်)တို့၏သမီးငယ်၊ ဒေါ်ညွန့်ကြည်၊ (ဦးဘခင်-ဒေါ်အုံးကျင်)၊ ဒေါ်လှလှ၊ ဦးမောင်မောင်အေး-(ဒေါ်ထွေးရီ)၊ ဦးအုန်းသွင်-(ဒေါ်ညွန့်ညွန့်)တို့၏ညီမ၊ (ဦးစိုးဝင်းအောင်)၏ဇနီး၊ ထားအိယဉ်(စုပုံ)၏မွေးစားမိခင်၊ တူ၊ တူမ ကိုးယောက်တို့၏အဒေါ်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၀-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃:၄၅နာရီတွင် ဇရာပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၃ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် လှိုင်သာယာ၊ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၂၃ရက် (အင်္ဂါနေ့)တွင် အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၁၂၉၊ လေးလွှာ)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မသက်ဆိုင်ပါကြောင်း

ကချင်ပြည်နယ်၊ ဖားကန့်မြို့၊ လုံးခင်းအုပ်စုနေ ဦးအောင်စိန်၏သမီး ဒေါ်သွယ်သွယ်အောင် ၁/မကတ(နိုင်) ၁၂၃၁၅၆ နှင့် ဦးကျော်နိုင်၏သား ဦးဝေဖြိုးအောင် ၁/မကတ(နိုင်) ၀၉၄၆၇၄ (၂၈-၁၀-၂၀၁၉)ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲထားပါသဖြင့် ယနေ့ချိန်ထိ လုံးဝမသက်ဆိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဝေဖြိုးအောင် ၁/မကတ(နိုင်) ၀၉၄၆၇၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၉)လမ်း၊ အပိုင်း (၁)၊ အမှတ် (၁၂၆)၊ (၂)ခန်းတွဲ RC (၆)ထပ်တိုက်၏ စတုတ္ထထပ်(၅ လွှာ) A (တိုက်ကိုမျက်နှာမူလျှင် လက်ယာဘက်ခြမ်းအခန်း)၊ ဧရိယာ ၅၄၀.၅ စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည့်ဟု ဝန်ခံသူဖြစ်သော ဒေါ်အေးအေးသက် ၁၃/ဆဆန(နိုင်)၀၀၂၁၁၇ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဘုန်းမိုးမြင့် ၁၂/လမန(နိုင်)၁၄၇၉၃၃၊ ဒေါ်မေဦးလွင် ၉/အမဇ(နိုင်)၀၂၅၄၄၀တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်သည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဘုန်းမိုးမြင့်၊ ဒေါ်မေဦးလွင်တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်သူဇာကျော်**
**LL.B, D.B.L, D.I.L, D.I.P.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၂၆)**
**ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**
**အမှတ် (၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## အမည်ပြောင်း

ဦးသန့်ဇင်ဦး ၇/ပခတ(နိုင်)၀၇၉၄၆၉ ၏သား၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ အထက(အောင်ဆန်း) ကျောင်း Grade-1(B) မှ မောင်ထင်ရှားအောင် အား မောင်ထက်ရှိုင်းခန့် ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ထက်ရှိုင်းခန့်**

## အမည်ပြောင်း

ဦးစည်သူစန်း ၉/မရတ(နိုင်)၁၀၈၁၇၈ ၏သား၊ ကျောက်တံခါးမြို့၊ အထက(ကျောက်တံခါး)မှ မောင်အာကာကျော်ထက် (Grade-10) အား မောင်ထက်ဘုန်းကျော် ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ထက်ဘုန်းကျော်**

## ပျောက်ဆုံးကြောင်း

မအဲလစ်ဇဘက်စုစုမြင့် (ဘ) ဦးမောင်မောင်မြင့် ၂/ဒမဆ(နိုင်)၀၆၃၉၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 639960) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ ၉၆၁၁၇၈၆၃၉**

## အမည်ပြောင်း

တောင်ငူမြို့၊ (၁၄)ရပ်ကွက်၊ တပင်ရွှေထီးလမ်းနေ အမိ ဒေါ်စန္ဒာလင်း ၇/တငန(နိုင်)၀၉၈၄၅၀၏သား မောင်မင်းသက်ပိုင်အား မောင်ပိုင်ရှင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ပိုင်ရှင်း**

## ဖခင်အမည်မှန်

ဗန်းမော်ခရိုင်၊ မံစီမြို့နယ်၊ ကုန်းတိန်ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်းခွဲ Grade-1 မှ မောင်ရဲယံစိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးသူ ၉/ကဆန(နိုင်)၂၂၀၉၆၁ ဖြစ်ပါကြောင်း။

**ဦးစိုးသူ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။

❖ **နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာမှာ သဘာဝသယံဇာတတွေကို ထုတ်ယူသုံးစွဲသင့်တာ မှန်ပေမယ့်လည်း စည်းစနစ်တကျ ထုတ်ယူသုံးစွဲဖို့လိုပါတယ်။ တိုင်းပြည်နဲ့ နောင်မျိုးဆက်များရဲ့ အနာဂတ်ကို ထည့်သွင်းတွက်ချက်ဆောင်ရွက်ရပါမယ်။ ယခင်ကရရှိခဲ့တဲ့ ထိခိုက်မှုများအတွက်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရပါမယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း " မိုခါ " ဘင်္ဂလားဒေ့ရှ် - မြန်မာကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားနိုင်သည့် အခြေအနေရှိသဖြင့် လိမ္မော်ရောင်အဆင့် သတ်မှတ်

နေပြည်တော် မေ ၁၁

ယနေ့မြန်မာစံတော်ချိန် ည ၈ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" သည် မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မိုခါ"သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်- အနောက်တောင်ဘက် ရေမိုင် ၃၃၅ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင်၄၃၅ မိုင်ခန့် စစ်တွေမြို့၏ တောင်- အနောက်တောင်ဘက်

စာမျက်နှာ ၁၅ ကော်လံ ၁ ❍




## (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအမျိုးသမီးဘောလုံးအသင်း အကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်မှုအား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၁၁

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ❖

ယနေ့ သတင်းအညွှန်း

**ကျောက်ကြီးမြို့နယ်၌ အကြမ်းဖက်မှုကို လိုလားသည့် သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျောက်ကြီး-နတ်သံကွင်းကားလမ်းရှိ သံပေါင်သစ်သားခင်း တံတားတစ်စင်းအား မီးရှို့ဖျက်ဆီး**

ပြည်တွင်းသတင်း စာ ၁၆